မင်းတပ်-မတူပီကားလမ်း ၁၆ မိုင်နားမှာ မတ် ၂၆ ရက်နေ့က စစ်ကောင်စီတပ်တွေနဲ့ CDF မင်းတပ်တို့ ထိတွေ့တိုက်ပွဲ ဖြစ်ပွားကာစစ်ကောင်စီတပ်သား ၅ယောက်လောက်သေဆုံးခဲ့တာလို့ ဆိုပါတယ်။

မနေ့က မတ်လ ၂၇ ရက်နေ့မှာတော့ စစ်ကောင်စီဘက်က လှုပ်ရှားမှုမရှိတာကြောင့် တိုက်ပွဲမဖြစ်ပွားခဲ့ဘဲ ၁၇ မိုင်နားမှာတော့ စစ်ကောင်စီတပ်သား အင်အား ၃၀၀ လောက်ရောက်ရှိနေတယ်လို့ ပြောပါတယ်။

စစ်ကောင်စီဟာ အခုရက်ပိုင်းအတွင်း ဖုန်းလိုင်းနဲ့ အင်တာနက်လိုင်းတွေ ဖြတ်တောက်ထားတာကြောင့် ရှေ့တန်းနဲ့ နောက်တန်း ချိတ်ဆက်မှု အားနည်းပြီး သတင်းနောက်ကျရတာလို့ဆိုပါတယ်။

စစ်ကောင်စီတပ်တွေဟာ ချင်းတောင်ပေါ်ကို အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတာကြောင့် တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပွားလာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

နှစ်ဖက်တိုက်ပွဲတွေနဲ့ ပတ်သက်လို့တော့ ထိခိုက်သေဆုံးတဲ့ အခြေနေကိုတော့ စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားတာမတွေ့ရသေးပါဘူး။

https://burmese.dvb.no/archives/524643

--------------------------------------------------------------------------------------------------------

## ဖက်ဆစ်တော်လှန်ရေးနေ့ တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင် အယောက် ၉၀ ကျော် သေဆုံး

Published By DVB | 28 March, 2022

မနေ့က မတ် ၂၇ ရက် ဖက်ဆစ်တော်လှန်ရေးနေ့ တရက်တည်း အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့ဝင် အယောက် ၉၀ ကျော် သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါ တယ်။

ခုထုတ်ပြန်ထားတဲ့ အချက်လက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၂၇ ယောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။

အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ၊ ပြည်သူ့ ခုခံစစ်ကို ဆင်နွှဲနေကြတာပါ။



နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

လူထုသပိတ်တိုက်ပွဲတွေအနေနဲ့ မနေ့က တရက်တည်းမှာ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တွေမှာ ၁ ကြိမ်စီ၊ မကွေးတိုင်းနဲ့ မန္တလေးတိုင်းတွေမှာ ၂ ကြိမ်စီ၊ ကချင်ပြည်နယ်မှာ ၃ ကြိမ်၊ တနင်္သာရီတိုင်းမှာ ၄ ကြိမ်၊ ရန်ကုန်တိုင်းမှာ ၈ ကြိမ်နဲ့ စစ်ကိုင်းတိုင်းမှာ ၁၈ ကြိမ်နဲ့ အများဆုံး ဖြစ်ပွားခဲ့တယ်လို့ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် မြန်မာပြည်တွင်း ပြည်သူ့ခုခံတော်လှန်စစ် အရှိန်မြင့်ဖြစ်ပွားနေပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၇ ရက်ကနေ မတ် ၆ ရက်အထိ ၁ လအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၀၉၅ ယောက် သေဆုံးခဲ့တယ်လို့လည်း NUG က ထုတ်ပြန်ထားပါတယ်။

ဒါဟာ NUG အစိုးရက အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်ပြီးကာလ ဆဋ္ဌမ ၁ လတာအတွင်း စာရင်းကောက်ယူထုတ်ပြန်ထားတာဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၆၃၇ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။

မြန်မာပြည်အနှံ့ တိုက်ပွဲတွေမှာ တပ်ဖွဲ့ဝင်တွေ သေဆုံးဒဏ်ရာရမှုအခြေအနေနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်ကတော့ သတင်းထုတ်ပြန်တာမရှိပါဘူး။

https://burmese.dvb.no/archives/524585

---------------------------------------------------------------------------------------------------------------

## စစ်အာဏာသိမ်း တစ်နှစ်ကျော်အတွင်း တိုက်ပွဲပေါင်း ၃၀၀၀ ကျော် ဖြစ်ပွား

2022.03.27



စစ်ကောင်စီတပ်ဖွဲ့ဝင်တချို့အား ကရင်ပြည်နယ်တွင် ၂၀၂၁ ခုနှစ် ဧပြီလ ၇ ရက်နေ့က တွေ့ရစဉ် Photo: AFP

စစ်တပ်က အာဏာသိမ်းလိုက်တဲ့ ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်ကစလို့ အခု မတ်လ ၂၀ ရက်အထိ တစ်နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံတဝှမ်း တိုက်ပွဲပေါင်း ၃၃၀၂ ကြိမ်ထိ ဖြစ်ပွားခဲ့တယ်လို့ သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Institute for Strategy and Policy – Myanmar အဖွဲ့က မတ်လ ၂၅ ရက်နေ့က ထုတ်ပြန်ပါတယ်။

အဲဒီတိုက်ပွဲတွေနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြားထဲ အရပ်သားသေဆုံးမှုက ၆၄၂ ဦးထက်မနည်း ရှိခဲ့တယ်လို့လည်း ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက တိုက်ပွဲဖြစ်ပွားမှု အကြိမ်ရေအများဆုံးဖြစ်ခဲ့ပြီး တစ်လတည်း ၅၈၄ ကြိမ်ထက် မနည်းရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှာ အရပ်သားသေဆုံးမှု အများဆုံး လဖြစ်ခဲ့ပြီး တိုက်ပွဲနဲ့ လက်နက်ကိုင် ပဋိပက္ခဖြစ်စဉ်တွေကြား တစ်လတည်းမှာတင် အရပ်သား ၁၂၈ ဦးထက်မနည်း သေဆုံးခဲ့တယ်လို့ ဆိုထားပါတယ်။

လက်ရှိ ကရင်ပြည်နယ်ထဲမှာ စစ်တပ်က လေကြောင်းအသုံးပြု တိုက်ခိုက်တာတွေရှိသလို ကော့ကရိတ် မြို့နယ်ထဲမှာလည်း တိုက်ပွဲတွေ ဆက်လက်ပြင်းထန်နေတယ်လို့ ဒေသခံ တွေက ပြောပါတယ်။

စစ်ကိုင်းတိုင်းထဲက ကျေးရွာတစ်ချို့မှာလည်း ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်နဲ့ စစ်ကောင်စီတပ်တွေအကြား တိုက်ပွဲဖြစ်ပွားတာ၊ စစ်ကောင်စီတပ်ကို မိုင်းဆွဲတိုက် ခိုက်တာမျိုးတွေရှိခဲ့ပြီး စစ်ကောင်စီဘက်ကလည်း ရွာတွေကို စစ်ကြောင်းထိုးတာကြောင့် ဒေသခံတွေ ထွက်ပြေးနေရတယ်လို့ ဆိုထားပါတယ်။

စစ်အာဏာသိမ်း တစ်နှစ်ကျော်ကာလအတွင်း လက်နက်ကိုင် ပဋိပက္ခတွေကြောင့် ပြည်တွင်းမှာ နေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ဘေးဒုက္ခသည် ၇၅၂၅၈၉ ဦးရှိခဲ့ပြီး အာဏာမသိမ်းခင်က ရှိခဲ့တဲ့ ဒုက္ခသည် ၄၉၇၂၀၀ နဲ့ပေါင်းရင် ဒုက္ခသည်စုစုပေါင်း တစ်သန်းကျော်ထိရှိလာပြီလို့ ISP Myanmar ရဲ့ စာရင်းတွေမှာ ဖော်ပြထားပါတယ်။

https://www.rfa.org/burmese/news/military-coup-after-more-than-3000-battles-03272022071105.html

---

## သေဆုံးခဲ့တဲ့ ကြံ့ခိုင်ရေး ပါတီဝင် ၁၃၀၀ ကျော်အတွက် ကျောက်တိုင်စိုက်ထူ

2022.03.26



လုပ်ကြံသတ်ဖြတ်ခံရလို့ သေဆုံးသွားသည့် USDP ပါတီဝင်များအတွက် အောက်မေ့ဖွယ် ကျောက်တိုင်စိုက်ထူပွဲကို နေပြည်တော်တွင် ၂၀၂၂ ခုနှစ် မတ်လ ၂၆ ရက်နေ့က ပြုလုပ်ခဲ့ကြစဉ် Photo: Union Solidarity and Development Party

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း သေဆုံးခဲ့တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေး ပါတီ USDP ပါတီဝင်ပေါင်း ၁၃၂၇ ဦး ရှိခဲ့တယ်လို့ အဲဒီပါတီကနေ သိရပါတယ်။

မတ်လ ၂၆ ရက် ဒီနေ့ နေပြည်တော်က USDP ပါတီရုံးချုပ်မှာ သေဆုံးခဲ့သူတွေအတွက် အောက်မေ့ဖွယ် အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူပွဲ ဖွင့်လှစ်ခဲ့ရာ ပါတီရဲ့ပြောခွင့်ရသူ ဒေါ်ယမင်းမြင့်ဆွေက RFA ကို ပြောပါတယ်။

**“ပါတီတစ်ခုကို ဝန်းရံတယ်။ ထောက်ခံတယ်ဆိုရင် သူတို့နဲ့ဆန့်ကျင်တဲ့ အဖွဲ့အစည်း ကဆိုရင် ဒလန်စွပ်စွဲပြီးတော့ သတ်ဖြတ်ခဲ့တာကိုး။ ဒါက ဒီမိုကရေစီရဲ့ ပြယုဂ်မဟုတ် ဘူးလေ အဲဒါကြောင့် ကျမတို့ပါတီမှာ ဆုံးရှုံးနစ်နာမှုတွေ အများကြီးရှိတယ်။ ဒီလိုမျိုး အကြမ်းဖက်ခံရပြီးမှ အသက်စွန့်လွှန့်လိုက်ရတဲ့ လုပ်ဖော်ကိုင်ဘက်တွေကို ကျမတို့က အောက်မေ့ဖွယ်ပေါ့နော် ဝမ်းနည်းခြင်း အထိမ်းအမှတ် ကျောက်တိုင်စိုက်ထူတယ်ပေါ့”**

လုပ်ကြံသတ်ဖြတ်မှုတွေကြောင့် သေဆုံးခဲ့တဲ့ ပါတီဝင် ၁၃၂၇ ဦးရှိခဲ့ပြီး ပါတီကို ဝန်းရံ ထောက်ခံသူတွေ၊ ပါတီဝင်ရဲ့မိသားစုတွေ စတဲ့ သတ်ဖြတ်ခံရတဲ့ စာရင်းတွေနဲ့ပေါင်းရင် အရေအတွက်ဟာ ဒီထက်များနိုင်တယ်လို့ ဒေါ်ယမင်းမြင့်ဆွေက ပြောပါတယ်။

ဒီနေ့အခမ်းအနားကို ပါတီဥက္ကဋ္ဌ ဦးသန်းဌေးနဲ့ ပါတီရဲ့ထိပ်ပိုင်းခေါင်းဆောင်တွေ တက် ရောက်ခဲ့ကြပြီး နိုင်ငံတော်အလံ အလေးပြုပြီး နိုင်ငံတော်သီချင်း သီဆိုတာ၊ အသက်ဆုံးရှုံး ခဲ့ရတဲ့ ပါတီဝင်တွေနဲ့ မိသားစုဝင်တွေ၊ ပါတီကို ထောက်ခံဝန်းရံသူတွေကို အောက်မေ့သတိ ရတဲ့အနေနဲ့ ၂ မိနစ် ငြိမ်သက်တာ၊ ပါတီအလံ တစ်ဝက်လျှော့ချလွှင့်တင်တာ၊ ကမ္ပည်းမော် ကွန်းကျောက်တိုင်မှာ မီးထွန်းညှိပြီး အခမ်းအနား ဖွင့်လှစ်ပေးခဲ့တယ်လို့ USDP ပါတီက ထုတ်ပြန်ထားပါသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ရဲ့စာရင်းတွေအရတော့ စစ်တပ်က အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့လှုပ်ရှားမှုတွေကြောင့် သေဆုံးခဲ့ရတဲ့ ပြည်သူ ၁၇၀၇ ဦးရှိပြီလို့ မတ်လ ၂၅ ရက် မနေ့က ထုတ်ပြန်ပါတယ်။

စစ်တပ်က အာဏာသိမ်းပြီးနောက် အမျိုးသား ဒီမိုရေစီအဖွဲ့ချုပ် (NLD) ပါတီရဲ့ ထိပ်ပိုင်း ခေါင်းဆောင်တွေ အပါအဝင် အဖမ်းခံထားရတဲ့ ပါတီဝင်ပေါင်း ၈၀၀ ကျော်ရှိတယ်လို့ NLD ပါတီက မတ်လ ၁၈ ရက်က ထုတ်ပြန်ထားပါတယ်။

အဲဒီလိုဖမ်းဆီးခံရစဉ် စစ်ကြောရေးမှာ ညှဉ်းပန်းနှိပ်စက်ခံရတာနဲ့ အကျဉ်းထောင်တွေ အတွင်း ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်တာကြောင့် ပါတီဝင် ၁၆ ဦး သေဆုံး ခဲ့ရတယ်လို့လည်း ထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/usdp-monument-erected-03262022063501.html

----------------------------------------------------------------------------------------------------------

## အကြမ်းဖက်အဖွဲ့တွေကို နှိမ်နင်းမယ်လို့ စစ်ကောင်စီခေါင်းဆောင်ပြော

2022.03.27



( နေပြည်တော်မှာ ဒီနေ့ကျင်းပတဲ့ ၇၇ နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို တက်ရောက်မိန့်ခွန်းပြောကြားခဲ့တဲ့ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို တွေ့ရစဉ်) Photo:AFP

အကြမ်းဖက်အဖွဲ့တွေ၊ အကြမ်းဖက်အဖွဲ့အစည်းကို အားပေးထောက်ခံနေတဲ့အဖွဲ့တွေနဲ့ နိုင်ငံရေးအရဆွေးနွေးသွားမှာမဟုတ်ဘဲ နှိမ်နင်းသွားမယ်လို့ စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒီနေ့တပ်မတော်နေ့ မိန့်ခွန်းမှာ ပြောလိုက်ပါတယ်။

ဒီလိုအဖွဲ့တွေက လွဲရင် NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေနဲ့ အမြဲတွေ့ဆုံဆွေးနွေးသွားမှာ ဖြစ်ပြီး လက်မှတ်ရေးထိုးထားမှုမရှိသေးတဲ့ အဖွဲ့တွေနဲ့လည်း ကန့်သတ်ချက်မထားဘဲ လွတ်လွတ်လပ်လပ် ဆွေးနွေးသွားမယ်လို့ သူက ပြောပါတယ်။

ကရင်အမျိုးသားအစည်းအရုံး KNUရဲ့ နိုင်ငံခြားရေးဌာန တာဝန်ခံ ပဒိုစောတောနီးကလည်း တိုက်ပွဲတွေအရှိန်လျှော့ချဖို့ မရှိဘဲ စစ်ကောင်စီပြုတ်ကျတဲ့အထိ ဆက်တိုက်မယ်လို့ RFA ကိုပြောထားဖူးပါတယ်။

**“အခုဟာက ကျည်ဆန်တွေအများကြီးကျန်ရဲ့သားနဲ့ ဘာမှမလုပ်နိုင်ဘဲ ဒီတိုင်းလက်နက် ချတဲ့ အနေအထားတွေက အများကြီးဖြစ်လာတယ်။ နေရာတော်တော်များများမှာ ဖြစ် လာတယ်။ နောက်ပြီးတော့ ရှောင်တိမ်းလာတဲ့ CDM လုပ်လာတဲ့ စစ်ဗိုလ်၊ ဒုဗိုလ်မှူးကြီး အဆင့်တောင် ဒါတွေကဖြစ်လာတဲ့အခါမှာ စစ်တပ်ရဲ့ပြိုဆင်းမှုက စစ်ရေးနည်းလမ်း တစ်ခုတည်းတင် မဟုတ်ဘူး။ အကြောင်းချင်းရာအများကြီး ပေါင်းဆုံလာပြီးတော့ ဖြစ်လာတဲ့ အခါကျတော့ သူကဘယ်လိုမှ ကျားကန်နိုင်တော့မှာ မဟုတ်ဘူးလို့ အလေး အနက် ယုံကြည်တယ်။ အဲဒါကြောင့် ကျနော်တို့ ဆက်လုပ်ရမယ့်အလုပ်ကတော့ စစ် အာဏာရှင် ပြုတ်ကျရေးအတွက် ဖြစ်တယ်ဆိုပြီးတော့ မလွဲမသွေ ယုံကြည်ပြီးတော့ လုပ်သွားမှာပဲဖြစ်တယ်”**

စစ်တပ်က အမျိုးသားညီညွတ်ရေးအစိုးရ NUG နဲ့ ဒေသကာကွယ်ရေးတပ်ဖွဲ့ PDF တွေကို အကြမ်းဖက်အဖွဲ့တွေလို့ ကြေညာပြီး သုံးနှုန်းပြောဆိုနေတာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ်မှာ လွတ်လပ်ရေးရတာ ၇၅ နှစ်ပြည့်မှာဖြစ်လို့ စိန်ရတုမရောက်ခင် ဒီကြားကာလမှာ ပြည်တွင်းပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် ဆောင်ရွက်မယ်လို့ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောပါတယ်။

စစ်တပ်ကလေးနှစ်ကျော် တစ်ဖက်သတ် အပစ်ခပ်ရပ်စဲထားပြီး ဖြစ်တယ်လို့လည်း သူကပြောပါတယ်။

လက်ရှိအချိန်မှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ EAOs တွေဆီကနေဖြစ်လာတာကို တွေ့ရတယ်လို့ စစ်ခေါင်းဆောင်က ပြောပါတယ်။

ဒီနေ့ကျရောက်တဲ့ တပ်မတော်နေ့မှာ ကရင်ပြည်နယ်၊ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးကျေးရွာအုပ်စုကို စစ်တပ်က လေကြောင်းက တိုက်ခိုက်ခဲ့လို့ အိမ်တချို့ထိခိုက်ပျက်စီးခဲ့ရတယ်လို့ ကရင်အမျိုးသားအစည်းအရုံး KNU က ထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့၊ ကဆုန့်ကျေးရွာနားက KIA တပ်မဟာ (၂) လက်အောက်ခံ တပ်ရင်း ၁၁ ကို မတ်လ ၂၇ ရက် ဒီမနက်က စစ်ကောင်စီတပ်က လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့တယ် လို့ KIA က ပြောပါတယ်။

နမ္မတီးမြို့နယ်ထဲ မြေပြင်မှာတိုက်ပွဲတွေဖြစ်တာမျိုးမရှိဘဲ စစ်ကောင်စီတပ်ဘက်က လေယာဉ်နဲ့ ဗုံးကြဲခဲ့တယ်လို့ KIO ရဲ့ သတင်းနဲ့ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူ က RFA ကို ပြောထားပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်လို့ စစ်ကောင်စီဘက်က သတင်းထုတ်ပြန်တာ မရှိသေးပါဘူး။

https://www.rfa.org/burmese/news/leader-of-myanmar-army-said-will-annihilate-to-pdf-nug-03272022082856.html

---------------------------------------------------------------------------------------------------------------

## အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ထောက်ပံ့နေသည့်အဖွဲ့များကို တွေ့ဆုံဆွေးနွေးမည်မဟုတ်ဘဲ တည်ငြိမ်အေးချမ်းသည်အထိ နှိမ်နင်းဆောင်ရွက်မည်ဟု တပ်မတော်နေ့အခမ်းအနားတွင် နစက ဥက္ကဋ္ဌ ပြောကြား

PUBLISHED | 27 MARCH 2022



ပြည်သူများနှင့် ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေးဝန်ထမ်းများကို သတ်ဖြတ်ပြီး အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ၏ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎တို့ကို ထောက်ပံ့နေသည့်အဖွဲ့များကို တွေ့ဆုံဆွေးနွေးမည်မဟုတ်ဘဲ နိုင်ငံတည်ငြိမ်အေးချမ်းသည်အထိ နှိမ်နင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

မတ်လ ၂၇ ရက်က ကျင်းပသည့် ၇၇ နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

" ဒို့တပ်မတော်အနေနဲ့ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိစေဖို့အတွက် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေး၊ အကြမ်းဖက်နှိမ်နင်းရေးတွေကို လုပ်ဆောင်နေရတာတွေ ရှိပါတယ်။ အပြစ်မဲ့ ပြည်သူများနဲ့ ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး ဝန်ထမ်းတွေကို အကြောင်းမဲ့သတ်ဖြတ်ပြီး နိုင်ငံအတွင်း အေးချမ်းစွာ နေထိုင်လိုတဲ့

ပြည်သူတွေရဲ့ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ ၎င်းတို့ကို ထောက်ခံပံ့ပိုး နေတဲ့အဖွဲ့တွေကိုတော့ တွေ့ဆုံဆွေးနွေးမှာမဟုတ်ဘဲ နိုင်ငံတည်ငြိမ်အေးချမ်းသည်အထိ နှိမ်နင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ အစိုးရအဖွဲ့အစည်းတွေနဲ့ တပ်မတော်တွေဟာလည်း ဘယ်အကြမ်းဖက်အဖွဲ့အစည်းနဲ့မှ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်တာမရှိကြောင်း အသိပေးလိုတယ်" ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေနှင့် အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်အဖွဲ့အစည်းများကို ကူညီထောက်ပံ့မှုများ မလုပ်ကြရန်နှင့် ဥပဒေဘောင်အတွင်း၌ နေထိုင်ကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ပြင် တစ်ဖက်သတ်တောင်းဆိုမှုများ မလုပ်ဘဲ ပြည်ထောင်စုစိတ်ဓါတ်ကို မွေးမြူကြပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်ထားကာဆွေး နွေးများ ပြုလုပ်သွားရန်လိုကြောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က " တပ်မတော်အနေနဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိပါးမယ့်အချက်တွေကို လက်မခံဘဲ နိုင်ငံသားအားလုံးရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို အလေးထား ဆောင်ရွက်သွားမှာဖြစ်ကြောင်း ခိုင်ခိုင်မာမာ ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွင် လွတ်လပ်ရေးမရခင်နှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေး၊ တိုင်းရင်းသားရေးနှင့် အယူဝါဒရေးရာ သဘောထားများ မတိုက်ဆိုင်သည့်အတွက် လက်နက်ကိုင်ရသည့် အဖွဲ့အစည်းများရှိသလို ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီစနစ်ပြောင်းလဲပြီးချိန် ပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ ၂၀၂၀ ရွေးကောက်ပွဲအပြီးတွင် လက်နက်ကိုင်လာသည့် အဖွဲ့များရှိကြောင်းနှင့် လက်ရှိဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများသည် EAOs များထံက မြစ်ဖျားခံလာခဲ့သည်ကို တွေ့ရမည်ဖြစ် ကြောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

" တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေး ရရှိဖို့အတွက် အကြမ်းဖက်အဖွဲ့တွေနဲ့ အကြမ်းဖက်အဖွဲ့အစည်း တွေကို အားပေးထောက်ခံတဲ့ အဖွဲ့တွေကလွဲလို့ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေနဲ့ အမြဲမပြတ် တွေ့ဆုံ ဆွေးနွေးသွားမှာဖြစ်သလို လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့လည်း လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်သွားမှာဖြစ်တယ်" ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် ၇၅ နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုကာလတွင် တိုင်းပြည်၏ လွတ်လပ်ရေး အဓွန့်ရှည်ကြာတည်တံ့ရေးနှင့် နိုင်ငံသာယာဝပြောရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း တပ်မ တော်ကာကွယ်ရေးဦးစီးချုပ် က ပြောကြားသည်။

https://news-eleven.com/article/228181

-----------------------------------------------------------------------------------------------------------------

## အကြမ်းဖက်မှုတွေရပ်ဖို့ မြန်မာစစ်တပ်ကို နိုင်ငံ ၂၀ ကျော် တိုက်တွန်း

27 မတ်၊ 2022 | ဗွီအိုအေ (မြန်မာဌာန)

မြန်မာစစ်ကောင်စီအနေနဲ့ အကြမ်းဖက်မှုတွေကို ရပ်ဆိုင်းပြီး ဒီမိုကရေစီလမ်းကြောင်း ပြန်လည်ဖော်ဆောင်ဖို့ အမေရိကန် အပါအဝင် နိုင်ငံပေါင်း ၂၀ က ဒီကနေ့ကျရောက်တဲ့ တပ်မတော်နေ့မှာ တိုက်တွန်း တောင်းဆိုလိုက်ကြပါတယ်။

ပြီးခဲ့တဲ့နှစ်တွေအတွင်း မြန်မာစစ်တပ်ရဲ့ အကြမ်းဖက်မှုတွေကြောင့် သတ်ဖြတ်ခံရသူတွေကို ဒီကနေ့မှာ အောက်မေ့သတိရကြောင်းလည်း ဖော်ပြတဲ့ အဲဒီ ပူးတွဲကြေညာချက်မှာ အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊

ဩစတြေးလျ၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ယူကရိန်း အပါအဝင် တိုင်းပြည် ၂၀ နဲ့ ဥရောပသမဂ္ဂတို့ ပါဝင်ကြပါတယ်။

ဒီကြေညာချက်ကို အာရှနိုင်ငံတွေထဲက တောင်ကိုရီးယားနိုင်ငံ ပါဝင် လက်မှတ်ရေးထိုးထားပါတယ်။

လွန်ခဲ့တဲ့နှစ် ဒီရက်မှာပဲ အနည်းဆုံး လူ ၁၀၀ ကို စစ်တပ်က သတ်ခဲ့တယ်လို့ ကြေညာချက်က သတိတရ ပြောထားပါတယ်။ တချို့နိုင်ငံတွေက ခုလို အကြမ်းဖက်၊ ဖိနှိပ်နိုင်အောင် မြန်မာစစ်တပ်ကို လက်နက်တွေ ရောင်းချခဲ့ကြတယ်လို့ ကြေညာချက်က ဆိုပါတယ်။

ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်နဲ့အညီ မြန်မာစစ်တပ်ကို လက်နက်ပစ္စည်းတွေ မရောင်းကြဖို့၊ နည်းပညာဆိုင်ရာ အကူအညီ မပေးကြဖို့ ကြေညာချက်က တောင်းဆိုလိုက်ပါတယ်။

https://burmese.voanews.com/a/joint-statments-on-armed-forces-day-in-myanmar/6503423.html

---------------------------------------------------------------------------------------------------

## ဂျပန်၏ မြန်မာနှင့် အထူးဆက်ဆံရေးက စစ်အုပ်ချုပ်ရေးကို အားပေးကူညီခဲ့

By Bertil Lintner | 28 March 2022

မြန်မာ့လွတ်လပ်ရေး အစောပိုင်းနှစ်များတွင် မတ်လ ၂၇ ရက်နေ့ကို ဖက်ဆစ်ဂျပန် တော်လှန်ရေးနေ့ဟု ခေါ်သည်။ ထိုနေ့သည် ၁၉၄၅ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏မြန်မာတပ်မတော်က မဟာမိတ်ဟောင်း ဂျပန်ဘက်သို့ သေနတ်ပြောင်းလှည့်လိုက်သောနေ့ အထိမ်းအမှတ်ကို ကျင်းပသည့် နေ့ဖြစ်သည်။

သို့သော် ၁၉၅၀ ခုနှစ်များသို့ ရောက်သောအခါ စစ်တပ်ကို ဂုဏ်ပြုပြီး ဂျပန်တို့ကို စိတ်အနှောင့်အယှက် မဖြစ်စေရန်အတွက် ထိုနေ့ကို တော်လှန်ရေးနေ့ (တပ်မတော်နေ့) ဟု အမည်ပြောင်းလဲလိုက်သည်။ ထိုနောက် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံအထိ အာဏာရှင် နေဝင်းအုပ်ချုပ်စဉ်အတွင်း တပ်မတော်နေ့ (တော်လှန်ရေးနေ့) ဖြစ်သွားပြီး အာဏာရှင်ဟောင်း ဗိုလ်ချုပ်သန်းရွှေခေတ်တွင်မူ တပ်မတော်နေ့ ဟုသာခေါ်ပြီး တော်လှန်ရေးနေ့ ပါမလာတော့ပေ။

၁၉၄၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် အရေးပါသော ဖြစ်ရပ်ကို သဘောမျှသာ ပြောဆိုကြပြီး ၂၀၀၆ ခုနှစ် မတ်လ ၂၇ ရက်နေ့က မြို့တော်သစ် နေပြည်တော်တွင် ထိုအခမ်းအနားကို ပထမဆုံးအကြိမ် ကျင်းပစဉ်က စစ်ကြောင်းများသည် တည်ဆောက်ပြီးစ ကြီးမားလှသည့် မြန်မာသမိုင်းတွင် ထင်ရှားသော စစ်ဘုရင် ၃ ဦးဖြစ်သည့် အနော်ရထာ၊ ဘုရင့်နောင်နှင့်အလောင်းဘုရား ရုပ်တုကြီးများ ရှေ့က ဖြတ်သန်းချီတက်ကြသည်။

*၁၉၄၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် အရေးပါသော ဖြစ်ရပ်ကို သဘောမျှသာ ပြောဆိုကြပြီး ၂၀၀၆ ခုနှစ် မတ်လ ၂၇ ရက်နေ့က မြို့တော်သစ် နေပြည်တော်တွင် ထိုအခမ်းအနားကို ပထမဆုံးအကြိမ် ကျင်းပစဉ်က စစ်ကြောင်းများသည် တည်ဆောက်ပြီးစ ကြီးမားလှသည့် မြန်မာသမိုင်းတွင် ထင်ရှားသော စစ်ဘုရင် ၃ ဦးဖြစ်သည့် အနော်ရထာ၊ ဘုရင့်နောင်နှင့်အလောင်းဘုရား ရုပ်တုကြီးများ ရှေ့က ဖြတ်သန်းချီတက်ကြသည်။*

ထိုကွယ်လွန်ပြီးဖြစ်သော ဘုရင်များသည် ဆက်လက်ရှင်သန်နေဆဲ အင်အားစုများဖြစ်သည်ကို ထိုနေ့က ဦးသန်းရွှေပြောသည့် မိန့်ခွန်းက ဖော်ပြနေသည်။ "ငါတို့ တပ်မတော်ဟာ မြင့်မြတ်တဲ့ ဘုရင်တွေဖြစ်တဲ့ အနော်ရထာ၊ ဘုရင့်နောင်နဲ့ အလောင်းဘုရားတို့ တည်ထောင်ခဲ့တဲ့ စွမ်းဆောင်ရည်မြင့်မားတဲ့ တပ်မတော် အစဉ်အလာကို ဆက်ခံတယ်" ဟု သူပြောသည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးသည် သူ၏ စိတ်တွင် မရှိကြောင်း ထင်ရှားသည်ကို မြို့တော်သစ်၏ အမည်က ထင်ဟပ်နေသည်။ နေပြည်တော်ဆိုသည်မှာ ရှေးခေတ် အသုံးအနှုန်းအရ မြို့တော် သို့မဟုတ် မင်းနေပြည်တော် ဟု အဓိပ္ပါယ်ရသည်။ တပ်မတော် ဆိုသော စကားသည်ပင် ဘုရင့်စစ်တပ်ဟု အဓိပ္ပါယ်ရသည်။

အနော်ရထာသည် ပထမ မြန်မာအင်ပါယာကို ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် တည်ထောင်သူဖြစ်ပြီး ဘုရင့်နောင်မှာ နိုင်ငံတွင် အကျော်ကြားဆုံး စစ်ဘုရင်ဖြစ်သည်။ သူအုပ်ချုပ်သည့် ၁၅၅၁ ခုနှစ်မှ ၁၅၈၁

ခုနှစ်အတွင်း သူသည် ဧရာဝတီမြစ်ဝှမ်းဒေသအများစု၊ ရှမ်းကုန်းမြေမြင့် အစိတ်အပိုင်းများနှင့် အရှေ့ဘက်တွင် ယနေ့ခေတ် ထိုင်းနိုင်ငံချင်းမိုင်အထိ ကျယ်ပြန့်သော ဒေသများအထိ သိမ်းပိုက်ခဲ့သည်။ အလောင်းဘုရားသည် ၁၈ ရာစုတွင် ထီးနန်းရပြီး မြန်မာအင်ပါယာ၏ တတိယနှင့် နောက်ဆုံးဖြစ်သော ကုန်းဘောင်မင်းဆက်၏ ပထမဆုံး ဘုရင်ဖြစ်သည်။

မြန်မာစစ်အုပ်စုခေါင်းဆောင်များသည် မတ်လ ၂၇ ရက်နေ့နှင့် ထိုဘုရင် ၃ ယောက် မည်သို့ ဆက်စပ်နေသည်ကို ရှင်းပြခြင်း မရှိသော်လည်း ယနေ့တွင်မူ လက်နက်ကိုင် တပ်များသည် ဂျပန်ကျူးကျော်သူများကို အတိတ်က ခုခံတိုက်ခိုက်မှုအတွက် မဟုတ်ဘဲ အင်စတီကျူးရှင်းတခုဖြစ်သည် ဆိုသည့်အချက်သည်သာ အရေးပါသည့်အချက်ဖြစ်သည်။

အလားတူအရေးပါသော အချက်မှာ လွတ်လပ်ရေးခေတ် အထူးသဖြင့် ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာစစ်တပ်နှင့် နွေးထွေးသော ဆက်ဆံရေးထားရှိသည့် ဂျပန် လက်ယာနိုင်ငံရေးသမားများနှင့် ဆက်ဆံရေး ထိန်းသိမ်းထားရေးသည်လည်း အလားတူ အရေးပါသည်။



၂၀၁၉ ခုနှစ် တိုကျိုတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂျပန်စစ်တပ် ဗိုလ်ချုပ် ကိုဂျီယာမဆာကိတို့ တွေ့ဆုံစဉ်

၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် စစ်လျော်ကြေး အမေရိကန် ဒေါ်လာ သန်း ၂၀၀ နှင့် နှစ်စဉ် နည်းပညာအကူအညီအတွက် အမေရိကန်ဒေါ်လာ ၅ သန်း ပေးရန် တိုကျိုက သဘောတူသည့် သဘောတူညီချက် တစိတ်အပိုင်းအဖြစ် ဂျပန်နှင့် ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆိုသည်။ ထိုအကူအညီများကို ၁၉၆၂ ခုနှစ်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ဖျက်သိမ်းပြီးသည့်တိုင် ဆက်လက်ပေးနေသည်။ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းမှုနောက်ပိုင်း စီးပွားရေးကျဆင်းခြင်းနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုသည့် စနစ်ကို စတင်ပြုလုပ်ခြင်းကြောင့် နေဝင်းစစ်အုပ်စုသည် ထိုအကူအညီမရပါက ကျဆုံးမည်ဟု ပညာရှင်များ ယူဆကြသည်။

မြန်မာသို့ စီးပွားရေး အကူအညီများပေးရန် တိုကျိုက စိတ်အားထက်သန်နေခြင်းမှာ ဂျပန်မှ လော်ဘီများ၏ သြဇာများကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။ နှစ်ပေါင်းများစွာကြာအောင် ထိုလော်ဘီအဖွဲ့ကို ၁၉၅၇ ခုနှစ်မှ ၁၉၆၀ ခုနှစ်အထိ ဝန်ကြီးချုပ်လုပ်ခဲ့သူ နိဘူဆူကီ ကီရှီနှင့် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီး သူ၏ အတွင်းရေးမှူးနှင့် သားမက် ရှင်တာရိုအာဘေးတို့က ဦးဆောင်သည်။ ရှင်တာရို အာဘေး၏သား ရှင်ဇိုအာဘေးသည် ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တကြိမ်၊ ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ တကြိမ် ဝန်ကြီးချုပ်ဖြစ်ခဲ့သည်။

*၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းမှုနောက်ပိုင်း စီးပွားရေးကျဆင်းခြင်းနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုသည့် စနစ်ကို စတင်ပြုလုပ်ခြင်းကြောင့် နေဝင်းစစ်အုပ်စုသည် ဂျပန်အကူအညီမရပါက ကျဆုံးမည်ဟု ပညာရှင်များ ယူဆကြသည်။*

မြန်မာလော်ဘီနှင့်ပတ်သက်ပြီး အခြားသြဇာကြီးမားသူတဦးမှာ ၁၉၈၇ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်တာဝန်ထမ်းဆောင်ခဲ့သူ တာဒါရှီ အိုတာကာဖြစ်သည်။ သူ၏ ဇနီးသည် ဂျပန်-မြန်မာအသင်း၏ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့သည်။ မြန်မာ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်စဉ် အိုတာကာ ထိုစဉ်က အာဏာရှင်နေဝင်းနှင့် ပုံမှန်တွေ့ခွင့်ရသည့် တဦးတည်းသော သံတမန်ဖြစ်သည်။ ဂျပန်-မြန်မာအသင်းတွင် ရန်ကုန်၌ လုပ်ကိုင်ခွင့်ပြုထားသည့် ဂျပန်ကုန်သွယ်ရေး ကုမ္ပဏီ ၁၁ ခုနှင့် မြန်မာတွင် အကူအညီပေးရေး အစီအစဉ်များတွင် ပါဝင်လုပ်ကိုင်နေသည့် ကုမ္ပဏီအမျိုးမျိုးပါဝင်သည်။

နှစ်ပေါင်းများစွာ ကျဆင်းနေပြီးနောက် မြန်မာ့စီးပွားရေးသည် အဓိကအားဖြင့် ဂျပန်မှလာသော ပြည်ပအကူအညီများနှင့် စိုက်ပျိုးရေး ချဲ့ထွင်ခြင်းကြောင့် ၁၉၇၀ ခုနှစ်များတွင် အနည်းငယ်ကောင်းလာသည်။

၁၉၆၀ ခုနှစ်များက မြန်မာနိုင်ငံသည် ဂျပန်မှ အငှမပြောက်အများဆုံး အကူအညီများ ရရှိသည့် နိုင်ငံဖြစ်ပြီး ၁၉၈၀ ခုနှစ်သို့ရောက်သောအခါ စတုတ္ထမြောက်အများဆုံးအကူအညီရရှိသော နိုင်ငံဖြစ်လာသည်။ ဂျပန်က မြန်မာသို့ပေးသည့် အကူအညီသည် ဂျပန်ကပေးသည့် ပြည်ပအကူအညီအားလုံး၏ ၆.၃ ရာခိုင်နှုန်းအထိ ရှိလာပြီး အမေရိကန်ဒေါ်လာ ၂၄၄ သန်းအထိရှိလာသည်။

ဂျပန်နိုင်ငံ၏ အကူအညီများသည် အရပ်ဘက် စီမံကိန်းများသို့ အလုံးအရင်းဖြင့် စီးဝင်နေသောကြောင့် အာဏာရှင်စနစ်သည် စစ်တပ်တည်ဆောက်ရေး ငွေနှင့် သယံဇာတများကို ပိုမိုသုံးစွဲနိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းစဉ်က အာဏာရှင် ဦးနေဝင်း၏အောက်တွင် စစ်သားအင်အား တသိန်းခန့်သာရှိသည်။ ၁၉၈၀ ခုနှစ်များသို့ ရောက်သောအခါ ထိုစစ်အင်အားသည် ၁၉၀,၀၀၀ သို့တိုးလာသည်။ ပြည်တွင်းကာကွယ်ရေး စက်ရုံများကို ပိုမိုတည်ထောင်လာပြီး ဂျာမန် ကုမ္ပဏီတခုဖြစ်သော Fritz Werner ၏ အကူအညီဖြင့် လက်နက်သစ်များကို ထုတ်လုပ်သည်။

၁၉၈၀ ခုနှစ်များအလယ်သို့ ရောက်လာသောအခါ မြန်မာနိုင်ငံတွင် စီးပွားရေးအကျပ်အတည်းသစ် နီးကပ်လာသည်။ ဂျပန်၏ အကူအညီများက မြန်မာကို အသက်ဆက်ပေးခဲ့သော်လည်း နောက်ဆုံးတွင် စွမ်းဆောင်ရည် ကင်းမဲ့သည့် အစိုးရပိုင် လုပ်ငန်းများကို ပြန်လည်အသက်သွင်းပေးနိုင်ခြင်း မရှိပေ။ ပိုမိုဆိုးရွားသည်မှာ မြန်မာနိုင်ငံ၏ နိုင်ငံခြားကြွေးမြီသည် ခွင့်ပြုနိုင်သည့် အတိုင်းအတာကို ကျော်လွန်သွားခဲ့သည်။ ရှည်ကြာစွာ တည်ရှိခဲ့သော ပုဂ္ဂလိကဆက်ဆံရေးထက် စီးပွားရေး လက်တွေ့ကျမှုကို ဦးစားပေးရမည်ဟု ၁၉၈၈ ခုနှစ် မတ်လတွင် ဂျပန်နိုင်ငံက ဆုံးဖြတ်လိုက်သည်။

အခြေခံကျသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို မပြုလုပ်ပါက ဂျပန်သည် မြန်မာနှင့် ဆက်ဆံရေးကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း မြန်မာစီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဦးထွန်းတင် တိုကျိုသို့ သွားရောက်စဉ် ဂျပန်က ပြောကြားခဲ့သည်။ ထိုအချိန်သည် ဂျပန်နိုင်ငံက အကူအညီလက်ခံသော နိုင်ငံတခုတွင် မူဝါဒပြောင်းလဲရန် ပထမဆုံးအကြိမ် တဘက်သတ် တောင်းဆိုသော အချိန်ဖြစ်ခဲ့ပြီး မြန်မာအစိုးရနှင့်ဆက်ဆံရေးကို အထူးဆက်ဆံရေးအဖြစ် တိုကျိုက သတ်မှတ်ထားသည့် အရေးပါမှုကို ဖေါ်ပြနေသည်။

*ဂျပန်၏ အကူအညီများက မြန်မာကို အသက်ဆက်ပေးခဲ့သော်လည်း နောက်ဆုံးတွင် စွမ်းဆောင်ရည် ကင်းမဲ့သည့် အစိုးရပိုင် လုပ်ငန်းများကို ပြန်လည်အသက်သွင်းပေးနိုင်ခြင်း မရှိပေ။ ပိုမိုဆိုးရွားသည်မှာ မြန်မာနိုင်ငံ၏ နိုင်ငံခြားကြွေးမြီသည် ခွင့်ပြုနိုင်သည့် အတိုင်းအတာကို ကျော်လွန်သွားခဲ့သည်။*

၁၉၈၈ ခုနှစ် ဒီမိုကရေစီ လိုလားသူ ဆန္ဒပြသူထောင်ပေါင်းများစွာကို သတ်ဖြတ်မှုအား တုံ့ပြန်သည့်အနေဖြင့် လအတန်ကြာတွင် ချမှတ်သည့် ဂျပန်၏ အကူအညီပေးရေး မူဝါဒသစ်သည်မြန်မာဗိုလ်ချုပ်များကို တုန်လှုပ်သွားစေသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ဖျက်သိမ်းပြီး ဈေးကွက်ပိုမိုလိုလားသော မူဝါဒများ ချမှတ်ခြင်း၏ နောက်ကွယ်မှ အဓိကအကြောင်းရင်းမှာ ဂျပန်ဖိအားဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ကြသည်။

ဆက်ဆံရေးများပြန်လည် ထိန်းသိမ်းရန် အခွင့်အလမ်းသည် ၁၉၈၉ ခုနှစ် ဖေဖေါ်ဝါရီလတွင် ဂျပန်ဧကရာဇ် ဟီရိုဟီတို၏ ဈာပန အခမ်းအနားတွင် ပေါ်ပေါက်လာခဲ့သည်။ မြန်မာရေးရာ ကျွမ်းကျင်သူ ဒေးဗစ် စတိန်းဘတ်၏ အဆိုအရ “ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ချုပ်ကဲ့သို့သော အသိအမှတ်ပြုမခံရသည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဘေးချင်းကပ်ထိုင်ရမည့် အခြေအနေကို ရှောင်ရှားရန် ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့တွင် မြန်မာစစ်အစိုးရသစ်ကို အသိအမှတ်ပြုသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်” ဟု သိရသည်။

ထိုဖြစ်ရပ်သည် ဂျပန်နိုင်ငံ အကြီးအကျယ် ပါဝင်ပတ်သက်မှုများအတွက် တံခါးဖွင့်ပေးလိုက်သည်။ အနောက်တိုင်း အရေးယူပိတ်ဆို့မှုများကြောင့် လစ်ဟာသွားသောနေရာကို တရုတ်က ဝင်ရောက်နေရာယူလိုက်ပြီး တရုတ်သည် မြန်မာ၏ အနီးကပ်ဆုံး ပြည်ပမဟာမိတ်ဖြစ်လာခြင်းသည် တိုကျိုအတွက် စိတ်ပျက်စရာ ဖြစ်နေသည်။ ၁၉၉၀ ခုနှစ်မေလတွင် ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ အရှေ့တောင်အာရှရေးရာ ပထမ ဌာနခွဲ ညွှန်ကြားရေးမှူး မာရာဟာရှ ကိုးနိုက တိုကျိုတွင် ဆွေးနွေးပို့ချချက်

တခု ပြုလုပ်သောအခါ မြန်မာမှ ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများနှင့် ဂျပန်တွင်ရောက်နေသည့် အဝေးရောက် မြန်မာများကို တုန်လှုပ်သွားစေသည်။

"စစ်အုပ်ချုပ်ရေးနဲ့ လူ့အခွင့်အရေး ဖိနှိပ်မှုကို ညီမျှခြင်းချလို့ရမလား။ ဘာပဲဖြစ်ဖြစ် မြန်မာဟာ ဒီမိုကရေစီနိုင်ငံအဆင့် မရောက်သေးတော့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေက အနောက်တိုင်းမှာ သတင်းဖေါ်ပြသလောက် ကျယ်ပြန့်နေတယ်လို့ ကျနော်တော့မထင်ဘူး။ အမျိုးသား လုံခြုံရေးကို ဦးစားပေးသင့်တယ်" ဟု သူပြောသည်။ ဂျပန်သည် အကူအညီပေးရေး အစီအစဉ်သစ်များအတွက် ငွေကြေးထောက်ပံ့မှုကို ရှောင်ရှားနေပုံရသော်လည်း အစီအစဉ်ဟောင်းများကို ဆက်လက်ပေးအပ်ပြီး မြန်မာရှိ ကုလသမဂ္ဂစီမံကိန်းများမှတဆင့်လည်း အကူအညီများ ပေးအပ်နေသည်။ ၂၀၀၃ ခုနှစ်တွင် ဂျပန်သည် တိုကျိုတွင် ကျင်းပသည့် ဂျပန်-အာဆီယံ ထိပ်သီးဆွေးနွေးပွဲသို့ စစ်ထောက်လှမ်းရေးမှ ဝန်ကြီးချုပ်ဖြစ်လာသူ ဗိုလ်ချုပ်ခင်ညွန့်ကို ဖိတ်ကြားခဲ့သည်။

၂၀၁၀ ခုနှစ်ရွေးကောက်ပွဲနှင့် ဗိုလ်ချုပ်ဟောင်း ဦးသိန်းစိန်ကို သမ္မတအဖြစ် ၂၀၁၁ ခုနှစ် ဖေဖေါ်ဝါရီလတွင် သမ္မတအဖြစ်ခန့်အပ်သည့်အချိန်အထိ မြန်မာတွင် မည်သည့် စစ်မှန်သည့် အပြောင်းအလဲမျှ ပေါ်ပေါက်ခဲ့ခြင်း မရှိပေ။ ဂျပန်သည် အနောက်နိုင်ငံများနှင့်အတူ ပုံမှန်ဆက်ဆံရေးများ ပြန်လည်ထူထောင်ခဲ့သည်။ မြန်မာလော်ဘီများသည် လုပ်ငန်းများ ပြန်လည်စတင်ကြပြီး တလျှောက်လုံးတွင် အဓိက ပုဂ္ဂိုလ်မှာ ယိုဟိုက် ဆာဆာကာဝါဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ထိုစဉ်က ရှင်ဇိုအာဘေး ဂျပန်အစိုးရက သူ့ကို ဂျပန်အစိုးရ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးသံတမန်အဖြစ် ခန့်အပ်သည်။ သူသည် ထိုရာထူးကို ဗိုလ်ချုပ်မင်းအောင်လှိုင်၏ လွန်ခဲ့သောနှစ် ဖေဖေါ်ဝါရီလ ၁ ရက်နေ့ ကြမ္မာငင်သော အာဏာသိမ်းရန် ကြိုးစားမှု နောက်ပ်ိုင်းတွင်ပါ ဆက်လက် ချုပ်ကိုင်ထားသည်။

ဆာဆာကာဝါ၏ ဖခင် ယိုအိချိ ဆာဆာကာဝါသည် သူ၏ ပုဂ္ဂလိက သူရဲကောင်း ဘန်နစ်တို မူဆိုလိုနီကို တွေ့ဆုံရန် ၁၉၃၉ ခုနှစ်က အီတလီသို့သွားရောက်ခဲ့သည့် လက်ယာစွန်း နိုင်ငံရေးသမားဖြစ်သည်။ နောင် နှစ်အတန်ကြာသောအခါ ထိုစဉ်က နောက်ထပ်ဥရောပ ခေါင်းဆောင်ကို မတွေ့ဆုံလိုက်ရသောကြောင့် ဝမ်းနည်းကြောင်း သူပြောသည်။ " ဟစ်တလာက သူ့ကိုစောင့်ဖို့ ကျနော့်ဆီကို ကြေးနန်းပို့တယ်။ ဒါပေမယ့် ကံဆိုးချင်တော့ ကျနော့်မှာ အချိန်မရတော့ဘူး" ဟု သူပြောသည်။ ဒုတိယကမ္ဘာစစ်ပြီးသောအခါ ယိုအိချိ ဆာဆာကာဝါကို အမေရိကန်က ထောင်သွင်းအကျဉ်းချထားသော်လည်း ဂျပန်ကိုသိမ်းပိုက်ထားသည့် အမေရိကန်သည် ဂျပန်မှ လက်ဝဲလှုပ်ရှားမှုကို ခုခံရန် လက်ယာစွန်းများကို လိုအပ်သောကြောင့် ၁၉၄၈ ခုနှစ်တွင် သူ့ကို ပြန်လွှတ်ပေးခဲ့သည်။



၂၀၀၃ ဒီဇင်ဘာတွင် မြန်မာစစ်ဝန်ကြီးချုပ် ခင်ညွန့်နှင့် ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရို ကိုအိဇိုမိတို့ တွေ့ဆုံစဉ်

၁၉၅၀ ခုနှစ်များတွင် ယိုအိချိ ဆာဆာကာဝါသည် ဂျပန်မှ တရားဝင်ခွင့်ပြုထားသည် တခုတည်းသော လောင်းကစား လုပ်ငန်းဖြစ်သည့် မော်တော်ဘုတ်ပြိုင်ပွဲကို လက်ဝါးကြီးအုပ်ထား နိုင်ခဲ့သည်။ ထို့ကြောင့် သူသည် လွန်စွာချမ်းသာလာပြီး လက်ယာစွန်းလှုပ်ရှားမှုများကို ဆက်လက်ထောက်ခံပြီး နိပွန် ဖေါင်ဒေးရှင်းဟု ယခုခေါ်ကြသည့် ပရဟိတအဖွဲ့ကို ထူထောင်ခဲ့သည်။ ထိုဖေါင်ဒေးရှင်းသည် အနာကြီးရောဂါ ပပျောက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ငွေအမြောက်အများ လှူဒါန်းသော အဖွဲ့ဖြစ်သည်။ ထို့ကြောင့် တိုကျိုရှိ ဆူဂါမိုအကျဉ်းထောင်မှ စစ်ရာဇဝတ်ကောင်သည် ပရဟိတသမားဖြစ်သွားပြီး အသက် ၉၆ နှစ်အရွယ် ၁၉၉၅ ခုနှစ်တွင် ကွယ်လွန်သည်။ ထိုအခါ သူ၏သား ယိုဟိုက် သည် ဂျပန်မော်တော်ဘုတ်ပြိုင်ပွဲ အသင်း ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ပြီးနောက် နိပွန်ဖေါင်ဒေးရှင်း၏ ဥက္ကဋ္ဌဖြစ်လာသည်။

*ဆာဆာကာဝါ၏ ဖခင် ယိုအိချိ ဆာဆာကာဝါသည် သူ၏ ပုဂ္ဂလိက သူရဲကောင်း ဘန်နစ်တို မူဆိုလိုနီကို တွေ့ဆုံရန် ၁၉၃၉ ခုနှစ်က အီတလီသို့သွားရောက်ခဲ့သည့် လက်ယာစွန်း နိုင်ငံရေးသမားဖြစ်သည်။ " ဟစ်တလာက သူ့ကိုစောင့်ဖို့ ကျနော့်ဆီကို ကြေးနန်းပို့တယ်။ ဒါပေမယ့် ကံဆိုးချင်တော့ ကျနော့်မှာ အချိန်မရတော့ဘူး" ဟု သူပြောသည်။*

ဂျပန်အစိုးရက စစ်တပ်ထိပ်တန်းအရာရှိများနှင့် ဆက်ဆံရေးကို ပြုစုပျိုးထောင်နေစဉ်တွင် နိပ္ပွန်ဖေါင်ဒေးရှင်းသည် မြန်မာစစ်အုပ်စုနှင့် တိုင်းရင်းသားလက်နက်ကိုအဖွဲ့အစည်းများအကြား အများအားဖြင့် မအောင်မြင်သည့် ငြိမ်းချမ်းရေး အားထုတ်မှုများတွင် ပါဝင်ပတ်သက်လာသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် မင်းအောင်လှိုင်သည် ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ တိုကျိုသို့ သွားရောက်လည်ပတ်သည်။ မြန်မာနိုင်ငံမှ စစ်သင်တန်းသားများကို လေ့ကျင့်ပေးမည့် အစီအစဉ်တခုကိုလည်း ဂျပန်က စတင်လုပ်ကိုင်ခဲ့သည်။ ထိုအစီအစဉ်ကို လွန်ခဲ့သောနှစ် စစ်အာဏာသိမ်းမှု နောက်ပိုင်းတွင်ပင် ဆက်လက်လုပ်ကိုင်နေသည်။

လွန်ခဲ့သောနှစ် မတ်လ ၂၀ ရက်နေ့တွင် လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ကြေညာချက်တစောင် ထုတ်ပြန်ပြီး " မြန်မာစစ်တပ်များသည် မြန်မာပြည်သူများအပေါ် ရာဇဝတ်မှုများ ကျူးလွန်နေသည့်အချိန်တွင် ဂျပန်က မြန်မာစစ်သင်တန်းသားများကို သင်တန်းပေးနေခြင်းသည် လွန်စွာအံ့သြဖွယ်ဖြစ်သည်" ဟု ဖေါ်ပြခဲ့ရသည်။ သို့သော် မြန်မာစစ်တပ်နှင့် အဆက်အသွယ်ဖြတ်ရန် မည်သည့်အားထုတ်မှုမဆိုသည် တရုတ်သြဇာကြီးထွားစေခြင်းကိုသာ ဖြစ်စေသည် ဂျပန် ကာကွယ်ရေး ဝန်ကြီးဌာန ပြောခွင့်ရသူတဦးက Reuters သတင်းဌာနသို့ ပြောကြားခဲ့သည်။ ရှင်ဇိုအာဘေးသည် ဂျပန်ဝန်ကြီးချုပ်မဟုတ်တော့သော်လည်း သူ၏ညီငယ်ဖြစ်သူ နိဘူဆူကီ ကီရှီ၏မြေး နိဘူအို ကီရှီသည် ကာကွယ်ရေး ဝန်ကြီးတာဝန်ကို လက်ရှိ ထမ်းဆောင်နေသည်။



ယိုဟဲ ဆာဆာကာဝါနှင့် မင်းအောင်လှိုင်

၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်-မြန်မာအသင်း ဥက္ကဋ္ဌ အသက် ၈၇ နှစ်အရွယ် ဝန်ကြီးဟောင်း ဟိဒဲရို ဝါတာနာဘေက မြန်မာစစ်ကောင်စီကို ထောက်ခံရန် ဂျပန်အစိုးရကိုတိုက်တွန်းသည်။ သူသည် ဂျပန်ရှိ ထိပ်တန်း ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ဘီလီယံပေါင်းများစွာကို ယူဆောင်လာရန်ထပ်မံ လှုပ်ရှားနေသူ ဖြစ်သည်။ သူက မင်းအောင်လှိုင်၏ ဒီမိုကရေစီရေး အားထုတ်မှုများကို ချီးကျူးပြီး လူသား ပိုမို ပီသလာသည်ဟု ပြောသောကြောင့် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရသူထက်ပင် အများပြည်သူကို ဒေါသထွက်စေခဲ့သည်။

ဝါတာနာဘေ၏ သား ယူဆူကဲ ဝါတာနာဘေသည် The Diplomat အမည်ရှိ ဝက်ဘ်ဆိုက်တွင် အတွေးအမြင် ဆောင်းပါးတခုထည့်သွင်းပြီး "ဂျပန်သည် အနောက်တိုင်း၏ ဖိအားသုံး အစိုးရပြောင်းလဲရေး မူဝါဒများကို မျက်စိမှိတ် ထောက်ခံခြင်းထက် စစ်အုပ်စုနှင့် အမေရိကန်ပြည်ထောင်စုနှင့်အခြား ဒီမိုကရေစီ နိုင်ငံများအကြား ပေါင်းကူးတံတားအဖြစ်နေရာချထားရမည်။ ဆယ်စုနှစ်များစွာကြာသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အသုံးပြုပြီး ဂျပန်သည် တရုတ်၏ ပထဝီစီးပွားရေး သြဇာကို တွန်းလှန်ရန် စစ်ကောင်စီနှင့် တိုက်ရိုက်လုပ်ကိုင်နိုင်သည်" ဟု ရေးသည်။ သူသည် လက်ရှိ စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်နှင့် ပုံမှန် ဆက်သွယ်ရေး ရှိသည့် နိုင်ငံခြားသား အနည်းငယ်တွင်ပါဝင်ကြောင်းနှင့် သူနှင့် စစ်ခေါင်းဆောင်အကြား ရှည်ကြာသော ဆက်ဆံရေးသည် ဂျပန်၏ ရာစုနှစ်တခုနီးပါးကြာသည့် မြန်မာနှင့် အထူး ဆက်ဆံရေးကို ပိုမိုလေးနက်စေကြောင်းလည်း သူ ဆက်လက်ရေးသားသည်။

*၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်-မြန်မာအသင်း ဥက္ကဋ္ဌ အသက် ၈၇ နှစ်အရွယ် ဝန်ကြီးဟောင်း ဟိဒဲရို ဝါတာနာဘေက မင်းအောင်လှိုင်၏ ဒီမိုကရေစီရေး အားထုတ်မှုများကို ချီးကျူးပြီး လူသား ပိုမို ပီသလာသည်ဟု ပြောသောကြောင့် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရသူထက်ပင် အများပြည်သူကို ဒေါသထွက်စေခဲ့သည်။*

အကူအညီများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုသည့် ကိစ္စတွင် ပါဝင်ခြင်း စသည့် ထို အထူးဆက်ဆံရေးသည် မြန်မာစစ်တပ် အာဏာအခိုင်အမာ ဆက်လက်ရရှိစေရေးမှတပါး မည်သည်ကိုမျှ လုပ်ဆောင်ပေးခြင်းမရှိပေ။ ဂျပန်လက်ယာစွန်းနိုင်ငံရေးသမားများသည် ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် မြန်မာမှ စစ်အုပ်ချုပ်ရေး၏ ကျေးဇူးရှင်များ သို့မဟုတ် စဉ်ဆက်မပြတ်ထောက်ခံသူများဖြစ်သည်ကို အပြည့်အဝ သိသောကြောင့် ယခင်က သန်းရွှေနှင့် ယခု မင်းအောင်လှိုင်တို့သည် ၁၉၄၅ ခုနှစ်က ဖက်ဆစ်ဆန့်ကျင်ရေးကို အလေးထားရန် မေ့လျော့နေပြီး စစ်ဘုရင်ဟောင်းများဖြစ်သည့် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့ကို ချီးကျူးကြသည်။

(The Irrawaddy ပါ Bertil Lintner ၏ Japan’s ‘Special Relationship’ With Myanmar Has Abetted Decades of Military Rule ကို ဘာသာပြန် ဖော်ပြသည်။ Bertil Lintner သည် အာရှအကြောင်း ဆယ်စုနှစ် ၄ ခုကြာ ရေးသားခဲ့သည့် ဆွီဒင် သတင်းစာဆရာ၊ စာရေးဆရာနှင့် သေနင်္ဂဗျူဟာ အတိုင်ပင်ခံဖြစ်သည်။)

https://burma.irrawaddy.com/article/2022/03/28/250913.html

---------------------------------------------------------------------------------------------------------

## မြန်မာစစ်တပ် လူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်ကြောင်း အမေရိကန်သတ်မှတ်မှု NUCC ထောက်ခံ

By ဧရာဝတီ | 26 March 2022

ရခိုင်ပြည်နယ်အတွင်း မွတ်စလင်လူမျိုးများအား သတ်ဖြတ်မှုတွင် မြန်မာစစ်တပ်အနေဖြင့် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုမြောက်ကြောင်း အမေရိကန်နိုင်ငံက သတ်မှတ်လိုက်သည့်အပေါ် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (NUCC) က ထောက်ခံကြောင်း ကြေညာသည်။

၂၀၁၇ ခုနှစ်တွင် အာရကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် (ARSA) က ရခိုင်ပြည်နယ်ရှိ နယ်ခြားစောင့်ရဲကင်းများကို ဝင်ရောက်တိုက်ခိုက်မှုအပေါ် တုန့်ပြန်ရှင်းလင်းရာတွင် စစ်တပ်အနေဖြင့် အရပ်သားမွတ်စလင်များအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ကျူးလွန်ခဲ့သည့်အပြင် လူဦးရေ ၇ သိန်းကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးခဲ့ရမှုအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ယခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကြေညာလိုက်ခြင်းဖြစ်သည်။

NUCC က “မြန်မာနိုင်ငံတဝှမ်းရှိ ပြည်သူပြည်သားများ အားလုံးနှင့် ရိုဟင်ဂျာလူနည်းစုများ၏ ဆယ်စုနှစ်များစွာကြာ ခံစားနေရသော ဆင်ရဲဒုက္ခများနှင့် ထိခိုက်နစ်နာမှုများစွာကို နက်နက်ရှိုင်းရှိုင်းအသိအမှတ်ပြုသည်” ဟု ပြောသည်။

ယခုကဲ့သို့ မြန်မာစစ်တပ်အား လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်သူအဖြစ် သတ်မှတ်မှုသည် ပြည်သူပြည်သားများအတွက် တရားမျှတ မှုနှင့် တာဝန်ခံမှုရရှိရန်၊ စစ်အာဏာရှင်စနစ် ဖျက်သိမ်းကာ တိုင်းရင်းသားလူမျိုးများ၏ မျှော်မှန်းချက်ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည် ထောင်စုတည်ဆောက်ရေးအတွက် ကြီးမားခိုင်မာသော ခြေလှမ်းတရပ်ဖြစ်ပြီး ခေတ်အဆက်ဆက် နိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပေါ်နေခဲ့သည့် နိုင်ငံတကာရာဇဝတ်မှုကျူးလွန်မှုများအား တရားမျှတမှုရရှိရေးနှင့် အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း NUCC က ဆိုထားသည်။

အာဏာသိမ်းစစ်ကောင်စီဘက်ကတော့ လူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်ကြောင်း အမေရိကန်အစိုးရ၏ သတ်မှတ်မှုအပေါ် ငြင်းဆိုခဲ့ပြီး ၎င်းတို့ဆုံးဖြတ်ချက်အပေါ် ဂရုစိုက်နေပါက လုပ်စရာအလုပ်ပင်

ရှိမည်မဟုတ်ကြောင်းလည်း စစ်ကောင်စီပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက မတ်လ ၂၄ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် တုန့်ပြန်ပြောဆိုခဲ့သည်။

၎င်းက "တပ်မတော်တခုလုံးအနေနဲ့ ဂျီနိုဆိုက် (လူမျိုးတုန်းသတ်ဖြတ်မှု) ကျူးလွန်ခဲ့တာမရှိဘူး၊ လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ခဲ့တာ မ ရှိဘူး။ ရှိစရာလည်း အကြောင်းမရှိဘူး။ သို့သော် တာဝန်ထမ်းဆောင်တဲ့နေရာမှာ စစ်သည်တဦးချင်းအနေနဲ့ အစုအဖွဲ့အငယ်အနေနဲ့ မှား ယွင်းတာမျိုးရှိကောင်းရှိနိုင်တယ်၊ ဒါနဲ့ပတ်သက်ပြီးတော့ ကျနော်တို့ တရားဥပဒေအရ အရေးယူဆောင်ရွက်ပြီးလည်းဖြစ်တယ်၊ စုံစမ်းစစ် ဆေးပြီးလည်း ဖြစ်ပါတယ်" ဟု ပြောသည်။

သို့သော် ၂၀၁၇ ခုနှစ်တွင် မောင်းတောမြို့နယ်၊ အင်းဒင်ကျေးရွာ၌ဖြစ်ခဲ့သည့် ဖမ်းမိထားသူ ၁၀ ဦးအား အစုလိုက်သတ်ဖြတ်မှုအပေါ် ရိုက်တာသတင်းဌာနက ဖော်ထုတ်ရေးသားမှုကြောင့် စစ်တပ်ကာ ကျူးလွန်ကြောင်း ဝန်ခံခဲ့ရပြီး လူသတ်မှုကျူးလွန်သူ စစ်တပ်မှ အရာရှိ ၄ ဦးနှင့် စစ်သည် ၃ ဦးအား စစ်ခုံရုံးဖြင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့သော်လည်း တနှစ်မပြည့်မီတွင်ပင် ထောင်မှပြန်လွှတ်ပေးခဲ့သည်။

ယင်းအတွက် ရခိုင်ပြည်နယ်အတွင်း လူသတ်မှုကျူးလွန်သူများအား စစ်တပ်က အယောင်ပြအရေးယူပြခြင်းသာဖြစ်ပြီး တပ်ဖွဲ့ဝင်များ အပေါ် ထိရောက်စွာထိန်းသိမ်းကိုင်တွယ်ခဲ့ခြင်းမရှိကြောင်း ဝေဖန်သုံးသပ်မှုများရှိခဲ့သည်။

အငြိမ်းစားရဲမှူးကြီးတဦးက "လွှဲချတာပေါ့ကွာ၊ ဟေ့ကောင်တွေ လုပ်ရင်လုပ်၊ လုပ်တဲ့ကောင် အရေးယူပလိုက်ဆိုရင် ဘယ်အောက်က ကောင်က ဘာလုပ်ရဲမှာတုန်း၊ အဲဒါကို အပြစ်ပေးပြီးပါပြီ ဘာညာဆိုတာကတော့ ဒါတွေက ရိုးနေပါပြီ။ မီးရှို့တဲ့ကောင်ပဲဖြစ်ဖြစ် ပြတ်ပြတ် သားသားဖမ်းဆီး အရေးယူခဲ့ရင် နောက်ကောင်တွေကလုပ်ရဲမလား" ဟု ပြောသည်။

အမေရိကန်နိုင်ငံက လူမျိုးတုန်းသတ်ဖြတ်ကြောင်း ဆုံးဖြတ်ချက်အပေါ် စစ်တပ်နည်းတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ ခိုင်ရေး) ပါတီဦးဆောင်သည့် ၂၁ ပါတီအစုအဖွဲ့ကလည်း ပြည်တွင်းရေးဝင်ရောက်စွက်ဖက်သည်ဟုဆိုကာ ကန့်ကွက်ခဲ့ပြီး တပ်မတော်၏ လုပ်ဆောင်ချက်များအပေါ် ထောက်ခံလျှက်ရှိကြောင်း မတ်လ ၂၄ ရက်နေ့က ကြေညာခဲ့သည်။

ကြံ့ခိုင်ရေးပါတီဦးဆောင်သည့် စစ်တပ်ထောက်ခံသော ပါတီအစုအဖွဲ့သည် စစ်တပ်အာဏာမသိမ်းခင်ကလည်း စစ်ခေါင်းဆောင် ဗိုလ်ချုပ် မှူးကြီးမင်းအောင်လှိုင်ထံ သွားရောက်တွေ့ဆုံကာ အမျိုးသားဒီမိုကရေစီအဖွဲ့ (NLD) ရွေးကောက်ပွဲအနိုင်ရမှုသည် မဲမသမာမှုရှိကြောင်း စွပ်စွဲတိုင်တန်ကာ အာဏာသိမ်းရန် တိုက်တွန်းခဲ့ကြသူများဖြစ်သည်။

လက်ရှိတွင်လည်း ရခိုင်ပြည်နယ်အတွင်းက ဖြစ်ပွားခဲ့သည့် ဖြစ်စဥ်များနှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မြန်မာအစိုးရ အပေါ် ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုခဲ့သည့်အတွက် ရင်ဆိုင်ဖြေရှင်းရလျှက်ရှိသည်။

ယင်းအပြင် အာဏာသိမ်းပြီးနောက်ပိုင်းတွင်လည်း စစ်တပ်အနေဖြင့် နိုင်ငံတဝှမ်းဆန္ဒပြ ပြည်သူများအား အကြမ်းဖက်ပစ်ခတ်သတ်ဖြတ် မှုများ ပြုလုပ်ခဲ့သည့်အပြင် အထူးသဖြင့် စစ်ကိုင်း၊ မကွေး၊ ကရင်၊ ကယားနှင့် ချင်းပြည်နယ်တို့တွင် အရပ်သားပြည်သူများအား အကြမ်း ဖက်တိုက်ခိုက်မှုများ၊ အစုလိုက်သတ်ဖြတ်မှုများနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လျှက်ရှိသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ထုတ်ပြန်ထားချက်အရ စစ်တပ်အာဏာသိမ်းပြီးနောက် ယခုနှစ်မတ်လ ၂၄ ရက်နေ့အထိ စစ်တပ်အကြမ်းဖက်ပတ်ခတ်မှုကြောင့် ပြည်သူ ၁၇၀၇ ဦးသေဆုံးခဲ့ရပြီး လူဦးရေတသောင်းခန့် ဖမ်းဆီးခံခဲ့ရသည်။

https://burma.irrawaddy.com/news/2022/03/26/250895.html

------------------------------------------------------------------------------------------------------------

## စစ်တပ်နှင့် ပတ်သက်သူများကို ဗြိတိန်နှင့် အမေရိကန်က ထပ်တိုးဒဏ်ခတ်

By ဧရာဝတီ | 26 March 2022

အာဏာသိမ်းစစ်တပ်မှ စစ်ဗိုလ်ချုပ်အချို့ အပါအဝင် စစ်တပ်နှင့် စီးပွားရေးအရ ပတ်သက်သူများကို ဗြိတိန် နှင့် အမေရိကန်နိုင်ငံတို့က မတ် ၂၅ ရက်တွင် ဒဏ်ခတ်ပိတ်ဆို့မှုများ ထပ်တိုးချမှတ်လိုက်ကြောင်း အဆိုပါနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာစစ်တပ်ကို လက်နက်ထောက်ပံ့ပေးရာတွင် တာဝန်ရှိသူများ ဖြစ်ကြသည့် လက်နက်ရောင်းဝယ်ဖောက်ကားသူ ၂ ဦးနှင့် ကုမ္ပဏီ ၃ ခုအား ဗြိတိန် နိုင်ငံအစိုးရက အဓိက ပစ်မှတ်ထားကာ အရေးယူပိတ်ဆို့မှု အသစ်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

မြန်မာစစ်တပ်အတွက် လက်နက်များ ဝယ်ယူပေးနေသည့် ဒေါက်တာအောင်မိုးမြင့်နှင့် ဦးအောင်လှိုင်ဦးတို့ကို ဗြိတိန် နိုင်ငံ သို့ ခရီးသွားလာခွင့်အား ပိတ်ပင်လိုက်ပြီး ၎င်းတို့၏ ပိုင်ဆိုင်မှုများကိုလည်း ကန့်သတ်လိုက်ပြီဖြစ်ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် မြန်မာစစ်တပ်အတွက် လက်နက်များ ဝယ်ယူတင်သွင်းပေးနေသည့် Dynasty International Company Ltd၊ Myanmar Chemical and Machinery Company Ltd နှင့် Miya Win International Ltd တို့ကိုလည်း ဒဏ်ခတ် အရေးယူသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မကြာသေးမီက လေတပ်ဦးစီးချုပ်အဖြစ် ခန့်အပ်ခံရသော ဗိုလ်ချုပ်ထွန်းအောင်ကိုလည်း ဗြိတိန် အစိုးရက ပိတ်ဆို့အရေး ယူမှုများ ပြုလုပ်နိုင်ရေး ဆောင်ရွက်နေကြောင်း၊ ယခုချမှတ်လိုက်သည့် အရေးယူပိတ်ဆို့မှု အသစ်များကို အမေရိကန်၊ ကနေဒါ စသည့် နိုင်ငံများနှင့် ပူးပေါင်းညှိနှိုင်းကာ ချမှတ်လိုက်ခြင်းဖြစ်ကြောင်း ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

ဗြိတိန် အစိုးရ၏ အာရှဒေသဆိုင်ရာဝန်ကြီး Amanda Milling ကလည်း ယူကေအစိုးရ အနေဖြင့် စိတ်တူသဘောတူ နိုင်ငံများနှင့် လက်တွဲပြီး လွတ်လပ်ခွင့်၊ ဒီမိုကရေစီနှင့် တရားဥပဒေ စိုးမိုးမှုရှိရေးတို့ကို ကာကွယ်သွားမည် ဖြစ်ကြောင်း၊ ဖိနှိပ်ချုပ်ချယ်၍ ရက်စက်ကြမ်းကြုတ်သော စစ်အာဏာရှင်ကို အရေးယူနိုင်ရေး လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောသည်။

အလားတူ အမေရိကန်နိုင်ငံကလည်း မြန်မာစစ်ဗိုလ်ချုပ် ၂ ဦး အပါအဝင် မြန်မာစစ်တပ်နှင့် ပတ်သက်နေသည့် စီးပွားရေးလုပ်ငန်းရှင် ၃ ဦးတို့ကို အရေးယူပိတ်ဆို့မှုများ ချမှတ်လိုက်ကြောင်း ကြေညာသည်။

အမေရိကန်အစိုးရက စစ်ကောင်စီ၏ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် နေပြည်တော် စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း အပါအဝင် လုပ်ငန်းရှင်များဖြစ်သည့် ဦးအောင်လှိုင်ဦး၊ ဒေါက်တာ နိုင်ထွဋ်အောင်နှင့် ဦးစစ်တိုင်းအောင်တို့ကိုပါ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားပိုင်ဆိုင်မှု ထိန်းချုပ်ရေးရုံး (OFAC) ၏ ဒဏ်ခတ်အရေးယူမှုစာရင်းတွင် ထည့်သွင်းလိုက်ခြင်း ဖြစ်သည်။

ဒေါက်တာနိုင်ထွဋ်အောင်သည် International Gateways Groups of Company Limited (IGG) ကုမ္ပဏီပိုင်ရှင် ဖြစ်ပြီး ဦးစစ်တိုင်းအောင်သည် (SUNTAC) ကုမ္ပဏီပိုင်ရှင်ဖြစ်ကာ ဦးအောင်လှိုင်ဦးသည် Myanmar Chemical & Machinery Company Limited (MC&M) ၏ ပိုင်ရှင် ဖြစ်သည်။

ထို့ပြင် ၂၀၂၁ ဒီဇင်ဘာလက ဖြစ်ပွားခဲ့သော "ခရစ္စမတ်အကြိုနေ့ အစုလိုက်အပြုံလိုက် လူသတ်မှု" နှင့် ဆက်နွယ်နေ သည့် စစ်ကောင်စီ၏ ပြည်မြို့အခြေစိုက် တပ်မ (၆၆) ကိုလည်း မြန်မာနိုင်ငံတွင် ပြည်သူများအား မတရားဖမ်းဆီးခြင်း နှင့် ညှဉ်းပန်းနှိပ်စက်မှုများအတွက် တာဝန်ယူမှုရှိစေရေး ရည်ရွယ်ပြီး OFAC တွင် စာရင်းသွင်းခဲ့ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

စစ်ကောင်စီနှင့် ပတ်သက်သည့် ကုမ္ပဏီများအနေနှင့် မြန်မာစီးပွားရေး ထိပ်တန်းလုပ်ငန်းရှင်များ ပိုင်ဆိုင်သည့် Myanmar Chemical & Machinery Company Limited (MC&M)၊ International Gateways Groups of Company Limited (IGG)၊ Htoo Group of Companies (Htoo Group) နှင့် the Asian Green Development Bank (AGDB) တို့ကိုလည်း အဆိုပါစာရင်းတွင် ထည့်သွင်းထားကြောင်း အမေရိကန်အစိုးရက ဆိုသည်။

ယခု အရေးယူသတ်မှတ်မှုများသည် "မြန်မာနိုင်ငံအတွင်း အခြေအနေနှင့် စပ်လျဥ်း၍ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ကန့် သတ်ခြင်း" ဆိုင်ရာ သမ္မတဂျိုးဘိုင်ဒန်၏ အမိန့်အမှတ် ၁၄၀၁၄ အရ အရေးယူ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရ သည်။

လက်ရှိအချိန်အထိ အမေရိကန်အစိုးရသည် မြန်မာနိုင်ငံမှ လုပ်ငန်းအဖွဲ့အစည်း ၂၇ ခုနှင့် လူပုဂ္ဂိုလ် ၇၀ တို့ကို ဒဏ်ခတ်အရေးယူ ပိတ်ဆို့ထားကြောင်း၊ အကြမ်းဖက်မှုများ ရပ်တန့်ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည် ရောက်ရှိသည့်အထိ စစ်အာဏာရှင်အဖွဲ့အား ဒဏ်ခတ်အရေးယူမှုများ ဆက်လက် ပြုလုပ်သွားမည် ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

https://burma.irrawaddy.com/news/2022/03/26/250892.html

---------------------------------------------------------------------------------------------------------------

## တပ်မတော်နေ့ အခမ်းအနား တက်ရောက်ဖို့ ဖိတ်ကြားချက်အပေါ် တိုင်းရင်းသားအဖွဲ့တွေ တုံ့ပြန်

27 မတ်၊ 2022 | ဝင်းမင်း

ဒီကနေ့ကျရောက်တဲ့ တပ်မတော်နေ့အတွက် နေပြည်တော်မှာ ကျင်းပမယ့် အခမ်းအနားကို တက်ရောက်ဖို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို စစ်ကောင်စီက ဖိတ်ကြားထားပေမဲ့ KNU ကရင်အမျိုးသားအစည်းအရုံး အပါအဝင် တချို့အဖွဲ့တွေကတော့ တက်မှာမဟုတ်ဘူးလို့ ပြောပါတယ်။ ပြီးခဲ့တဲ့နှစ်ထဲ စစ်တပ်က အာဏာသိမ်းလိုက်ပြီးနောက် နိုင်ငံရေးအကျပ်အတည်းတွေနဲ့ လက်နက်ကိုင် ပဋိပက္ခတွေ ပေါ်ပေါက်နေချိန်မှာ စစ်ကောင်စီက ကျင်းပမယ့် တပ်မတော်နေ့အပေါ် တိုင်းရင်းသား အဖွဲ့အစည်းတချို့ရဲ့ သဘောထားတွေကို ကိုဝင်းမင်းက ဆက်သွယ်မေးမြန်း တင်ပြထားပါတယ်။

စစ်အာဏာသိမ်းအပြီး ဒုတိယအကြိမ် ကျင်းပတဲ့ ၇၇ နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို ဖိတ်ကြားမှု ဒီတခေါက် ထူးခြားပုံကို KNU ပြောခွင့်ရ ဖဒိုစောတောနီးက အခုလိုပြောပါတယ်။

"ဖိတ်စာတော့ ရပါတယ်။ ထူးခြားတာကတော့ ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌမဟုတ်ဘူးဆို ဒုဥက္ကဋ္ဌပေါ့၊ ဒါမှမဟုတ် အတွင်းရေးမှူးပေါ့၊ အတွင်းရေးမှူးဆိုလည်း အတွင်းရေးမှူးတယောက်၊ နောက်ထပ် ဗဟိုကော်မတီထဲက တယောက်ယောက်ပေါ့၊ ဆိုတော့ ၂ ယောက်ပေါ့၊ အဲ့လိုမျိုး ဖိတ်တာတော့ရှိတယ်။ အရင်တုန်းကလိုမျိုး ဘယ်နှစ်ယောက်တက်ရမယ်၊ ဒီလို ရာထူးနဲ့ သွားတက်ရမယ် ဆိုတာမျိုး မဖော်ပြဘူး။ ဒီ စစ်အာဏာရှင် ဖိတ်ထားတဲ့ တပ်မတော်နေ့ ဆိုတဲ့ နေ့ကြီး ရက်ကြီး ဆိုတာမျိုးကို ကျနော်တို့ တက်ဖို့ လုံးဝ မသင့်တော်ပါဘူး။ အဲ့ဒါအပြင် ကျနော်တို့ နယ်မြေထဲမှာလည်း နေ့တိုင်း နေ့စဥ်ရက်ဆက်သလို တိုက်ပွဲတွေက အကြီးအကျယ် ဖြစ်နေတဲ့ အခါကြတော့ ဒုက္ခရောက်နေတယ်။ သူဖိတ်တဲ့ပွဲကို သွားတက်တယ်ဆိုကတည်းက အဲ့ဒါကြီးကလည်း ဘယ်လိုမှ မအပ်စပ်ဘူးလေ။"

အဲဒီတော့ တခြား ဘယ်အဖွဲ့တွေ တက်နိုင်ဖို့ရှိပါလဲလို့ မေးရာမှာ KNU နိုင်ငံခြားရေး အကြီးအကဲလည်း ဖြစ်တဲ့ ဖဒိုစောတောနီးက အခုလို ဆက်ပြောပြပါတယ်။

"ဘယ်သူတက်မယ်ဆိုတာတော့ မသိဘူးလေ။ ဒါပေမယ့် တက်မယ့်အဖွဲ့ ရှိမှာကတော့ သေချာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြီးခဲ့တဲ့နှစ်တုန်းကလည်း ဒီလိုပွဲမျိုး တက်ခဲ့တာပဲ။ တပ်မတော်နေ့ ဟိုကဖိတ်တယ်ဆိုရင် သွားနေတာပဲ။ အဲဒီနေ့တုန်းကလည်း ဒီတိုင်းပြည်မှာ စစ်အာဏာရှင် ဆန့်ကျင်ရေးအတွက် လူထုတွေက အုန်းအုန်းကျွက်ကျွက် ဖြစ်ပြီးတော့ တခါတည်း အကြီးအကျယ် ပစ်သတ်တဲ့နေ့ပဲလေ။ ပြီးခဲ့တဲ့နှစ် အဲဒီကြားထဲကမှ သွားတက်ရတာပဲ။ ကျနော်တို့ဘက်ကတော့ ဘာမှ တက်စရာအကြောင်းမရှိဘူး။ ကျနော်တို့

မူဝါဒက လုံးဝဆန့်ကျင်တယ်။ အကယ်၍များ တယောက်တလေက ဒီလို သွားတက်မယ်ဆိုရင်လည်း ဒါ ကျနော်တို့ကို လုံးဝ ကိုယ်စားပြုတာ မဟုတ်ဘူးလေ။"

ဒီနေရာမှာ တက်နိုင်တဲ့ နောက်အဖွဲ့တွေကို မေးရာမှာ PNLO ဦးဆောင်နာယက ဦးခွန်ဥက္ကာက အခုလိုပြောပါတယ်။

"ကျနော်တို့ဆီကတော့ တွဲဘက်အတွင်းရေးမှူး ခွန်ထွန်းတင်နဲ့ ဗိုလ်မှူးကြီးကျွဲထိုလေ နှစ်ယောက်သွားတယ်လို့ ကျနော့်ကို တနေ့က သတင်းပို့လို့ ကျနော် သိလိုက်တယ်။ ပုံမှန်ကတော့ သွားတော့ သွားကြတာပဲ။ DKBA နဲ့ PC ကတော့ သွားနေကြပဲလေ ပုံမှန်။ ပြီးတော့ ALP ကလည်း သွားမယ်ထင်တယ်၊ သုံးဖွဲ့၊ မွန်လည်း သွားမယ်ထင်တယ်။ သူတို့လည်း သွားနေကြပဲ။ အားလုံး ၅ ဖွဲ့၊ ၆ ဖွဲ့လောက်တော့ သွားနိုင်တယ်။"

အဲဒီတော့ ရှေ့ဆက် အကျိုးဆက် ဖြစ်လာနိုင်တာကို မေးရာမှာ ဖဒိုစောတောနီးက ဆက်ပြီး ...

"လက်ရှိကာလမှာတော့ စစ်ကောင်စီကနေပြီး တဖက်ကနေ အပစ်အခတ် ရပ်စဲရေးတွေ မိုးမွှန်အောင် ပြောပြီးတော့ တဖက်ကနေ အကြီးအကျယ် စစ်ဆင်တာတွေ၊ နောက် ပြည်သူလူထုအပေါ်မှာ ရမ်းကားပြီးတော့ သတ်တာဖြတ်တာတွေ အခုထက်ထိကို မဆုံးဘူး။ အဲဒီကနေပြီးတော့မှ စစ်ဆင်ရေးနဲ့ လုံးဝမပတ်သက်တဲ့ အရပ်သား ပစ်မှတ်သက်သက်ကို ပစ်ခတ်နေတာလည်း အခုထက်ထိ မရပ်သေးဘူး။ အဲဒါတွေကတော့ ကျနော်တို့က ဘယ်လိုမှ လက်ခံလို့ မရဘူးလေ။ ဒါတွေက ကျနော်တို့ ပြတ်ပြတ်သားသား ရပ်တည်ပြီးတော့ ဆန့်ကျင် တိုက်ခိုက်သွားရမှာပဲ ဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီအခက်အခဲ ကာလမှာတော့ ကျနော်တို့ကတော့ လူထုနဲ့ပဲ တသားတည်း ရပ်တည်ပြီးတော့ ဒီခရီးကို ဆုံးခန်းတိုင်အောင် ဆက်သွားမယ်လို့ ဒါပဲ ပြောချင်ပါတယ်။" လို့ ဆိုပါတယ်။

အခု အခမ်းအနားကို တက်ရာကနေ ဘယ်လိုအကျိုးဆက်ကို မျှော်လင့်ထားပါသလဲလို့ မေးရာမှာ ဦးခွန်ဥက္ကာက အခုလိုပြောပါတယ်။

"တပ်မတော်နေ့ ညပိုင်းမှာ ထမင်းစားပွဲရှိမယ်။ ၂၈ မှာတော့ သွားတဲ့အဖွဲ့တွေကို ဗိုလ်ချုပ်ရာပြည့်တို့က မိတ်ဆက်တာလေးပေါ့ဗျာ၊ ခါတိုင်းလုပ်နေကြပေါ့ လက်ဖက်ရည်ကြမ်းဝိုင်းနဲ့ နှုတ်ဆက်စကားဝိုင်းလေးတော့ ရှိမယ်ထင်တယ်။ ငြိမ်းချမ်းရေးကတော့ သူတို့ မိတ်ဆက်မယ်ထင်တယ်၊ အခုဖွဲ့နေတဲ့ ကော်မတီရယ်၊ ဖက်ဒရယ်လေ့လာရေး ကော်မတီတို့၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ ကော်မတီတို့ ဖွဲ့နေတာကိုး။ ဗိုလ်ချုပ်ဝင်းဘိုရှိန် ဦးဆောင်တာတခု၊ ဗိုလ်ချုပ်အေးဝင်း ဦးဆောင်တာတခု၊ အဲဒီကော်မရှင်တွေ ကိစ္စလည်း နည်းနည်းရှင်းပြမလား မသိဘူး။ ကျနော်တို့ အဲဒီက ပြန်လာရင်တော့ တခြား အလွတ်သဘော ဆွေးနွေးနိုင်ဖို့ လမ်းကြောင်း နည်းနည်းပွင့်မယ်လို့တော့ ထင်တာပဲ။ အစ်ရှူးဘော့စ်လေးတွေ ပေါ်လာနိုင်မယ်လို့ ထင်တယ်။ အာဆီယံ အထူးကိုယ်စားလှယ်လည်း ခပ်စိတ်စိတ် ထပ်လာနိုင်တယ်လို့ တွက်တယ်ဗျ။"

တကယ်တော့ စစ်အာဏာသိမ်းပြီး ၂ နှစ်မြောက်မှာ ဖြစ်လာတဲ့ ဒီတပ်မတော်နေ့ အခမ်းအနားကနေ ရှေ့ဆက်ပြီး နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲတခု ဖြစ်လာမလားလို့ တချို့ကတော့ စောင့်ကြည့်နေကြပါတယ်။

https://burmese.voanews.com/a/myanmar-military-eao/6503017.html

----------------------------------------------------------------------------------------------------

## စစ်ကောင်စီဩဇာခံကော်မတီနှင့် အန်စီအေအပစ်ရပ်အဖွဲ့အချို့ နေပြည်တော်တွင် တွေ့ဆုံ

Published By DVB | 28 March, 2022

အန်စီအေ အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တချို့နဲ့ အာဏာသိမ်းစစ်ကောင်စီဩဇာခံ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဆွေးနွေးရေးကော်မတီ (NSPNC) တို့ မတ်လ ၂၈ ရက် ဒီကနေ့ နေပြည်တော်မှာ တွေ့ဆုံခဲ့ပါတယ်။



အဲဒီတွေ့ဆုံပွဲကိုတက်ရောက်ခဲ့တဲ့ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS အတွင်းရေးမှူး (၁) ဗိုလ်မှူးကြီးစိုင်းငင်းက ၂၀၂၁ ခု ဖေဖေါ်ဝါရီလက ဖြစ်ခဲ့တဲ့ နိုင်ငံရေးအပြောင်းအလဲတွေကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ အန်စီအေစာချုပ် အကောင်အထည်ဖော်မယ့် လုပ်ငန်းတွေဆောင်ရွက်ဖို့ အခက်ခဲတွေကြုံတွေ့ခဲ့ရပြီး အခုတွေ့ဆုံမှုဟာ အနာဂတ်မှာကျင်းပမယ့် နိုင်ငံရေးဆွေးနွေးပွဲ ပုံစံအသစ်ရဲ့ အစပျိုးမှု စမှတ်ဖြစ်တယ်လို့ ယုံကြည်ကြောင်းပြောခဲ့ပါတယ်။

စစ်ကောင်စီဘက်က ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲပြုလုပ်နိုင်ဖို့ ဖိတ်ခေါ် ကမ်းလှမ်းချက်တွေနဲ့အတူ အန်စီအေပါ သဘောတူညီချက်တွေအတိုင်း ဖြစ်နိုင်သမျှ အလေး ထားလုပ်ဆောင်သွားမယ်လို့ ပြောကြားချက်တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်ရော ဖက်ဒရယ် တည်ဆောက်ရေးလုပ်ငန်းစဉ်အတွက်ပါ အရေးကြီးပြီး အပြုသဘောဆောင်တဲ့ ဖြေလျှော့မှုတွေ ဖြစ်တယ်လို့ လည်းဆိုပါတယ်။

အဲဒီတွေ့ဆုံပွဲကို ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ မြန်မာနိုင်ငံလုံးဆိုင် ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) ကလွဲပြီး ကျန်အဖွဲ့တွေ အကုန်တက်ရောက်ခဲ့တယ်လို ပြောဆိုပေမယ့် ဒီဗွီဘီက သီးခြားအတည်မပြုနိုင်သေးပါဘူး။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မှ ကိုယ်စားလှယ်များသည် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းတွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲကို စစ်ကောင်စီဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နဲ့ ကော်မတီအဖွဲ့ဝင်တွေတက်ရောက်တယ်လို့ စစ်ကောင်စီပြန်ကြားရေးက သတင်းထုတ်ပါတယ်။

အန်စီအေအပစ်ရပ်အဖွဲ့တွေထဲက ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ တွဲဖက်အထွေထွေ အတွင်းရေးမှူး ခိုင်အောင်စိုးသန်းနဲ့ ဗဟိုကော်မတီဝင် ခိုင်အောင်ဟိန်း၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်(DKBA)မှ ဒုစစ်ဦးစီးချုပ် စောတာ့ခူးနဲ့ ဗဟို ဆက်ဆံရေးဌာနမှူး စောကျော်သန်းဌေး၊ (KNU/ KNLA-PC)မှ ဒုဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးနဲ့ ဗဟိုကော်မတီဝင် စောအောင်ကောင်းရွှေ၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ခွန်မင်းသိန်းနဲ့ ဗဟိုကော်မတီဝင် ခွန်ဖွဲထိုရ်၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး-၁ စဝ်စိုင်းငင်းနဲ့ ဗဟိုအလုပ်အမှု ဆောင် ကော်မတီဝင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြတယ်လို့လည်းဆိုပါတယ်။

https://burmese.dvb.no/archives/524684

---

## အန်စီအေ အပစ်ရပ်အဖွဲ့များ၏ ထိပ်သီးညီလာခံ ကျင်းပမည်

Published By DVB | 28 March, 2022




အန်စီအေ လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST ရဲ့ စတုတ္ထအကြိမ်မြောက် ထိပ်သီးညီလာခံ (ဒုတိယအပိုင်း)ကို ဒီရက်ပိုင်းအတွင်းမှာ ပြုလုပ်ဖို့ရှိပေမယ့် ထိုင်းအာဏာပိုင် အဖွဲ့အစည်းတွေက လူသိရှင်ကြားမလုပ်ဖို့ ပြောထားတယ်လို့ သိရပါတယ်။

အခုပြုလုပ်မယ့် ညီလာခံဟာ ထူးခြားမှုတွေရှိလာနိုင်သလို ရှုပ်ထွေးမှုတွေမဖြစ်ပေါ်လာဖို့အတွက် ညီလာခံနဲ့ပတ်သတ်တဲ့အကြောင်းအရာတွေကို ကြိုတင်ထုတ်ဖော်မပြောဆိုဖို့ အဖွဲ့အစည်းအကြီးအကဲတွေက ပြောဆိုထားတယ်လို့လည်း PPST ဦးဆောင်မှုအလုပ်အဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးကြီး ခွန်ဥက္ကာကပြောပါတယ်။

PPST ရဲ့ စတုတ္ထအကြိမ်မြောက် ဒုတိယအပိုင်း ထိပ်သီးညီလာခံမှာ တိုင်းရင်းသားပေါင်းစုံပါတဲ့ ညီလာခံကျင်းပနိုင်ရေးကိစ္စအပြင် နိုင်ငံရေးလမ်းပြမြေပုံနဲ့ EAOs တွေရဲ့ စုဖွဲ့မှုပုံစံအသစ်တွေကို ဆွေးနွေးဖို့ရှိနေပါတယ်။

အန်စီအေ အပစ်ရပ်လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့တွေရဲ့ PPST စတုတ္ထအကြိမ်မြောက် ထိပ်သီးညီလာခံ (ပထမအပိုင်း)ကို ၂၀၁၉ ခုနှစ် မေလ ၁၄ ရက်မှ ၁၈ ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ ကျင်းပခဲ့ပါတယ်။

https://burmese.dvb.no/archives/524594

------------------------------------------------------------------------------------------------------------

## KNU နယ်မြေအတွင်း တိုက်ပွဲအရှိန်ပြင်းထန်လာမှုအပေါ် ပဒိုစောတောနီးနှင့် မေးမြန်းချက်

March 26, 2022



**"ဒီစစ်အာဏာရှင်တွေနဲ့ ဆွေးနွေးပြီးတိုက်နေလို့ ဘယ်တော့မှအမြစ်ပြတ်မှာ မဟုတ်ဘူး။ စစ်ရေးအရ အပြင် ဖြစ်နိုင်တဲ့နည်းလမ်းအားလုံးကို လုပ်ဆောင်သွားဖို့လိုတယ်။" ပဒိုစောတောနီး**

ကရင်အမျိုးသားအစည်းအရုံး-KNU ထိန်းချုပ်ရာ နယ်မြေဒေသများတွင် လတ်တလော တိုက်ပွဲအရှိန် ပြင်းထန်လာခြင်းနှင့် စစ်ပြေးရှောင် ပြည်သူများတိုးပွားလာခြင်းအပေါ် ကိုင်တွယ်ဖြေရှင်းရသည့် အခြေအနေများနှင့်ပတ်သက်၍ ကေအဲန်ယူ၏ ပြောခွင့်ရ ပဒိုစောတောနီးအား ဆက်သွယ်မေးမြန်း ထားသည်များကို စုစည်းဖော်ပြလိုက်သည်။

**မေး- လတ်တလော ကေအဲန်ယူ ထိန်းချုပ်နယ်မြေတော်တော်များများမှာ တိုက်ပွဲတွေ အရင်ကနဲ့ မတူဘဲ ပိုမိုပြင်းထန်လာတဲ့အခြေအနေနှင့်ပတ်သက်ပြီး အရင်ဦးဆုံး ပြောပြပေးပါအုံး။**
ကျနော်တို့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ပျက်သွားကတည်းက ကေအဲန်ယူရဲ့ ရပ်တည် မျှော်မှန်းချက်တွေက ပြောင်းလဲသွားတာပါပဲ။ ကျနော်တို့ ရွေးချယ်ခဲ့တဲ့ ငြိမ်းချမ်းတဲ့ နည်းလမ်းနဲ့ နိုင်ငံရေး ပြဿနာကို ဖြေရှင်းမယ်ဆိုတဲ့ လမ်းကို စစ်တပ်ဘက်က ကတိကဝတ်တွေအကုန် ဖျက်ဆီးပစ်လိုက်တာကြောင့်

ကျနော်တို့မှာ ကိုယ့်အမျိုးသား လွတ်မြောက်ရေး ရပ်တည်ချက်အတိုင်း လူတိုင်းမှာ ဒီမိုကရေစီ အခွင့်အရေးရရှိခံစားပိုင်ခွင့်ရှိတယ်ဆိုတဲ့ ယုံကြည်ချက်အတိုင်း ကျနော်တို့ ရပ်တည်လုပ်ဆောင်နေခြင်းဖြစ်တယ်။

အာဏာသိမ်းပိုင်းနောက်တစ်ရက်မှာပဲ ကျနော်တို့ဗဟိုကနေ ထုတ်ပြန်တဲ့အတိုင်း အာဏာသိမ်းမှုကို ရဲရဲ ဆန့်ကျင်ပြီးတော့ ဆန့်ကျင်တဲ့သူမှန်သမျှနဲ့လည်း ပူးပေါင်းဆောင်ရွက်မယ်။ အဲ့ကတည်းက စစ်အာဏာရှင်ကို ဆန့်ကျင်တဲ့ သူတွေ ကျနော်တို့လည်း လက်တွဲလာတယ်။ တချို့ဆိုရင် ကိုယ့်ဒေသမှာဆက်နေဖို့ အသက်အန္တရာယ်စိုးရိမ်ရတဲ့ အခြေအနေမှာ ကျနော်တို့ဆီ ခိုလှုံလာတယ်။ ဒါတွေအားလုံးက ကျနော်တို့က အတူတကွ လက်တွဲ ဆောင်ရွက်နေတာပဲဖြစ်တယ်။

လက်ရှိမှာလည်း ကျနော်တို့က NUCC (အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ) ဦးဆောင် စုဖွဲ့မှုမှာ ပါဝင်နေသလို အဲ့မှာလည်း ပါဝင်လှုပ်ရှားနေတာဖြစ်တယ်။ ကျနော်တို့ရဲ့ ဘုံရည်မှန်းချက်က စစ်အာဏာရှင်ကို ဖြုတ်ချဖို့ အတွက်ဖြစ်တယ်။ ဒီစစ်အာဏာရှင်တွေ ရှိနေသေးသ၍ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ဖို့ အတွက်ဖြစ်စေ လွတ်မြောက်ရေးအတွက်ဖြစ်စေ မျှော်လင့်လို့မရဘူး။ ဒီအတွက် ကျနော်တို့ လုပ်ငန်းလမ်းစဉ်တွေ ချမှတ်ပြီး လုပ်ဆောင်တဲ့အပေါ်မှာ ကျနော်တို့ဟာ နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားလုပ်ဆောင်နေကြတာ ဖြစ်တယ်။ နည်းလမ်းတစ်ခုတည်း သွားတာမဟုတ်ဘူး။ စစ်ကောင်စီကို အသိအမှတ်မပြုရေး အဓိကအားဖြင့် တရားဝင်ဖြစ်မှု မရရှိရေးအတွက် ကျနော်တို့က နည်းလမ်းပေါင်းစုံနဲ့ တကယ်ကြိုးစားလုပ်ဆောင်နေကြပါတယ်။ အဲ့အတွက် ၂၀၂၁ခုနှစ် တစ်ခုလုံးက တရားဝင် အသိအမှတ်ပြုခံရမှု တစ်ခုမှ မရခဲ့ခြင်းဖြစ်တယ်။

နောက်တစ်ခုက သူတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ရပ်တန့်ပစ်တာတွေ ပြောရမယ်ဆိုရင် စီးပွားရေး လုပ်ငန်းတွေပေါ့။ ကျနော်တို့ ကမ္ဘာလုံးဆိုင်ရာနဲ့ကော၊ နိုင်ငံအလိုက်ကော လက်တွဲလုပ်ဆောင်ပြီး တားမြစ်ပိတ်ဆို့မှုတွေကို လုပ်နေကြတာလည်းရှိပါတယ်။ နောက်ဆုံးတစ်ခုက စစ်ရေးအရ ဖြစ်တယ်။ အဲ့တော့ သူတို့ကို အဖွဲ့ပေါင်းစုံ လက်တွဲလုပ်ဆောင်ပြီး နည်းလမ်း ပေါင်းစုံနဲ့ ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ခိုက်တဲ့အတွက် သူတို့ အနေနဲ့လည်း ကျနော်တို့ကို စစ်ရေးအရ ပြန်တုန့် ပြန်တာမျိုး ဖြစ်တယ်။ သူတို့ အာဏာမသိမ်းခင်ကတည်းက နေရာတော်တော်များများမှာ တိုက်ပွဲတွေက ဖြစ်နေပြီးသားပဲ။ အဲ့ကတည်းက သူတို့တွေ အပစ်ရပ် သဘောတူညီ ချက်တွေကို ဖောက်ဖျက်ပြီးသား။ ဒါပေမဲ့ အာဏာသိမ်းပြီးတဲ့ နောက်မှာတော့ တိုက်ပွဲတွေက တစ်နေရာပြီး တစ်နေရာ ပြင်းထန်လာတာတွေ့ရတယ်။ ပြောရမယ်ဆိုရင် တပ်မဟာအားလုံးနီးပါးလို့တောင် ပြောလို့ရတယ်။ ပြောရမယ်ဆိုရင် မြို့ပြထဲမှာရှိနေတဲ့ သူတွေနဲ့ လက်တွဲပြီးတော့မှာ တိုက်ပွဲကိုတောင် ဖော်ဆောင် လို့ရတယ်။ ပြောရရင် ကျနော်တို့ တပ်မဟာ (၅) တပ်မဟာ (၆)နယ်မြေမှာ နေ့တိုင်း လိုလိုဖြစ်နေတာပဲ။ အကျိုးဆက်အနေနဲ့လည်း စစ်ဘေးရှောင်တွေ များလာတာကိုလည်း ကျနော်တို့ ကြုံတွေ့ နေရတာဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျနော်တို့ စစ်အာဏာရှင်စနစ်ကို လက်ခံလို့ မရတဲ့ အတိုင်း ကြုံတွေ့လာရမယ့်စိန်ခေါ်မှုတွေကိုတော့ ရင်ဆိုင်သွားရမှာပဲ။

**မေး- တဖက်မှာကြည့်ရင် ကေအဲန်ယူရဲ့ တပ်မဟာ၊ ခရိုင်တချို့မှာ နယ်မြေအတွင်း သတိပေး ထုတ်ပြန်စာတွေ ထုတ်လိုက်တာကြောင့် စစ်တပ်ဘက်က ဒါကို ပြန်တုန့်ပြန်တဲ့အတွက် တိုက်ပွဲတွေ ပိုပြင်းထန်လာတယ်လို့ကော ပြောလို့ရလား။**

ဒီမေးခွန်းနဲ့ ပတ်သက်ပြီး ဒီလိုနည်းလမ်းလို့ ပြောလို့ရပေမဲ့ အကုန်လုံးလည်း ဒါတွေကြောင့် ဖြစ်တာမဟုတ်ဘူး။ ထုတ်သည်ဖြစ်စေ၊ မထုတ်သည်ဖြစ်စေ သူတို့ကို ဆန့်ကျင်နေကတည်းက ကိုယ်တွေကို လာတိုက်မယ်ဆိုတာကို ကြိုသိနေပြီးသား။ ဒီစာထုတ်တာကလည်း စစ်အာဏာရှင်ကို အပြုတ်တိုက်ဖို့ကို အားပေးထောက်ခံတဲ့ နည်းလမ်းတွေများစွာထဲက တစ်ခုဖြစ်ပြီးတော့ ဒီစာတွေထဲမှာဆိုရင်လည်း စစ်တပ်ရဲ့ အုပ်ချုပ်ရေးပိုင်းတွေ ပါတယ်။ ဘာဖြစ်လဲဆိုတော့ အာဏာသိမ်းပြီးတဲ့နောက်ပိုင်း သူတို့ အဓိက ရင်ဆိုင်ရတာက သူတို့ရဲ့ အုပ်ချုပ်ရေးယန္တရားကို ယုံကြည်လို့မရတော့တဲ့ အနေအထား နေရာတော်တော်များများမှာ တွေ့နေရတာ ဖြစ်တယ်။ ဒီအပေါ်မှာ ကျနော်တို့ရဲ့ တပ်မဟာ ခရိုင်တွေမှာရှိတဲ့ ပေါ်လစီမူဝါဒတွေကို အကောင်အထည်ဖော်နေ ကြတဲ့သူတွေအနေနဲ့ သူတို့ တတ်နိုင်တဲ့ အနေအထားကနေ ကြိုးစားပြီးတော့မှ သူတို့ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေတာပဲဖြစ်တယ်။

အထူးသဖြင့် သထုံခရိုင်၊ မတြော်ခရိုင်၊ ဒူးပလာယာခရိုင်မှာဖြစ်စေ သူတို့အနေနဲ့ ဒီ စစ်အာဏာရှင် ဖြုတ်ချရေးအတွက် ကျနော်တို့ ချမှတ်ထားတဲ့ လုပ်ငန်းလမ်းစဉ်တွေကို အရှိန်မြင့် အကောင် အထည်ဖော်ဆောင်ရွက်လာခြင်းဖြစ်တယ်။ သူတို့ရဲ့ အုပ်ချုပ်ရေး ထောက်တိုင်တွေ ပျက်ဖို့က ဒီလို ကိစ္စတွေလည်း လုပ်ရမှာပဲဖြစ်တယ်။ ပြောချင်တာက ကျနော်တို့ရဲ့ အောက်ခြေမှာရှိတဲ့ တပ်မဟာ ခရိုင်တွေရဲ့ စာထုတ်တဲ့အတွက်ကြောင့် တိုက်ပွဲတွေ ပြင်းထန်လာတာမဟုတ်ဘူး။ သူတို့ကို ဆန့်ကျင်တိုက်ခိုက်သွားဖို့ လမ်းစဉ်တွေ ချမှတ်ကတည်းက သူတို့ဘက်က စတင်တိုက်ခိုက်နေခဲ့ပြီး ဖြစ်တယ်။ ထပ်ပြောချင်တာက ခရိုင်၊ တပ်မဟာ တချို့တော့ စာမထုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ထုတ်သည်ဖြစ်စေ၊ မထုတ်သည်ဖြစ်စေ တပ်မဟာ ခရိုင် ၇ ခုစလုံးက သူတို့ ဖြစ်နိုင်တဲ့ နည်းလမ်းတွေနဲ့ စစ်အာဏာရှင် ပြုတ်ကျသွားဖို့အတွက် ကြိုးစားလုပ်ဆောင်နေကြတယ်ဆိုတာကိုတော့ ယုံကြည်တယ်။

**မေး- တိုက်ပွဲတွေ ပြင်းထန်လာတာနဲ့အညီ အကျိုးဆက်အနေနဲ့ စစ်ဘေးရှောင် ပြည်သူတွေ ပိုတိုး လာတဲ့အပေါ် လိုအပ်တဲ့ စားနပ်ရိက္ခာနဲ့ လုံခြုံရေးအတွက် ကေအဲန်ယူအနေနဲ့ ဘယ်လို တာဝန်ယူ ကူညီဆောင်ရွက်ပေးတာလဲ။**
တိုက်ပွဲတွေရဲ့ အကျိုးဆက်အနေနဲ့က စစ်ပြေးရှောင်တွေလည်း များလာရတာပေ့ါ။ အရေအတွက် တွေလည်း ပိုတိုးလာတယ်။ ဒါတွေကလည်း အပစ်ရပ်ကာလတွေတုန်းကတောင် အကုန် မဖြေရှင်းနိုင်ခဲ့ဘူး။ စစ်ရှောင်ဒေသကနေ ပြန်သွားတဲ့ သူတွေကလည်း အိမ်သစ်၊ ယာသစ်လုပ်ဖို့တောင် သူတို့မှ စိတ်မချနိုင်တဲ့ အနေအထားရှိခဲ့ကြတာပဲ။ ဒီ ငြိမ်းချမ်းရေးဖြစ်စဉ်က သေချာလား မသေချာလားဆိုတာကို သူတို့ စိုးရိမ်ခဲ့ရတယ်။

ဒီအာဏာမသိမ်းခင်ကတည်းက စစ်တပ်ဘက်က သူတို့စစ်ရေးအရ အကျိုးဖြစ်မယ့်လမ်းတွေကို တပ်မဟာ ၅၊ တပ်မဟာ ၂၊ တပ်မဟာ ၃ ဘက်တွေမှာ လာဖောက်တဲ့ ၂၀၁၇ ၊ ၂၀၁၈ ကတည်းက တိုက်ပွဲတွေက ဖြစ်နေခဲ့တာ။ အဲ့ကတည်းက စစ်ပြေးရှောင်နေရတဲ့ ပြည်သူတွေက ရှိနေခဲ့ပြီးပြီ။ ဒီအာဏာသိမ်းတဲ့နောက်ပိုင်း နောက်ထပ်စစ်ပြေးရှောင်ရတဲ့ ပြည်သူက ခုနစ်သောင်းလောက်ရှိတယ်။ ခရိုင်၊ တပ်မဟာအားလုံးကို ပေါင်းလိုက်ရင် အခုလက်ရှိ စစ်ပြေးရှောင်နေရတဲ့ ပြည်သူပေါင်းက ၂ သိန်းကျော်လောက်ရှိတယ်။ သူတို့အတွက် နေထိုင်စားသောက်ဖို့ လိုအပ်တဲ့ အကူအညီတွေ ရနိုင်ဖို့ကလည်း ကျနော်တို့တွေ နည်းလမ်းတွေ အမြဲတမ်း ကြိုးစားရှာပေးခဲ့တာပါပဲ။

ကျနော်တို့ အရင်းကတည်းက လုပ်ဆောင်ခဲ့တဲ့အတိုင်း ကျနော်တို့ နယ်မြေနဲ့ နယ်စပ်တစ် လျှောက်မှာရှိနေတဲ့ အရပ်ဖက်အဖွဲ့အစည်းတွေနဲ့ လုပ်နေကျအတိုင်း နိုင်ငံတကာနဲ့ လက်တွဲ လုပ်ဆောင်ပြီးတော့မှ အရေးပေါ်လိုအပ်တဲ့ အစားအသောက်တွေ၊ သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းတွေ၊ နေရာထိုင်ခင်းတွေအတွက် ကြိုးစားလုပ်ဆောင်နေကြပါတယ်။ ပြောရမယ်ဆိုရင် ကျနော်တို့ နယ်မြေထဲမှာ လာခိုလှုံနေထိုင်တဲ့ သူတွေထောင်သောင်းနဲ့ချီတဲ့သူတွေကိုလည်း တာဝန်ယူထားရ တာလည်း ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျနော်တို့အတွက် စိန်ခေါ်မှု အခက်အခဲတွေ ရှိလာစေသလို တဖက်မှာကလည်း နိုင်ငံရေးအရ ကျနော်တို့ဟာ လူကိုလူလိုမြင်တဲ့ လူသားချင်းစာနာမှုရှိတဲ့ စိတ်နေ သဘောထားတွေကို ဖော်ပြခွင့်ရတဲ့အတွက် ဘယ်လိုပဲစိန်ခေါ်မှုတွေရှိနေပါစေ နိုင်ငံရေးအရ ကျနော်တို့ မှာ ဘယ်လိုသဘောထားရှိနေလဲဆိုတာ ဦးဆောင်လမ်းပြနိုင်တာပါပဲ။ ပြန်ကြည့်မယ်ဆိုရင် နိုင်ငံတကာရဲ့ ထောက်ပံ့ကူညီမှုက အားရကျေနပ်စရာမရှိပေမဲ့လည်း ကျနော်တို့ရဲ့ စစ်ပြေးရှောင် ပြည်သူတွေအတွက် တစ်နေ့တစ်နေ့ စားသောက်ဖို့အတွက်ကတော့ ရပါသေးတယ်။

ဒါပေမဲ့ ဒါတွေက ယာယီပဲဖြစ်မယ်။ အခုက နွေရာသီဆိုပေမဲ့လည်း မိုးရွာနေတော့ ခက်ခက်ခဲခဲ နေထိုင်ရတာကိုလည်း ကိုယ်ချင်းစာမိတယ်။ အခွင့်အလမ်းတွေကတော့ အများကြီး ပွင့်နေပေမဲ့လည်း ကျနော်တို့အတွက် အခက်အခဲရှိတာက ဒီအကူအညီတွေကို ထုတ်ယူနိုင်ဖို့က ပြည်တွင်းက အကူအညီ ရယူမလား၊ ပြည်ပကနေ အကူအညီ ရယူမလားဆိုတာကတော့ ဆက်ပြီးတော့ ရှေ့ဆက် ဆွေးနွေး နိုင်ရဖို့ရှိတယ်။ တိုင်းပြည်ရဲ့ အစိုးရတွေနဲ့ ဆွေးနွေးဖို့ကလည်း အခက်အခဲရှိနေတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီ အခက်အခဲကိုဖြေရှင်းနိုင်မယ်လို့ ယုံကြည်တယ်။ ကျနော်တို့က နိုင်ငံရေးကို ဦးဆောင်နေပေမဲ့လည်း လူမှုရေး ကိစ္စတွေကိုလည်း အမြဲတမ်း မလစ်ဟင်းခဲ့ဘူးဆိုတာကတော့ ပြည်သူတွေကို အသိပေး ပြောကြားချင်တယ်။

**မေး-KNUရဲ့ အချို့တပ်မဟာ၊ တပ်ရင်းတပ်ဖွဲ့တွေမှာ တိုက်ပွဲ ပြင်းထန်ပေမဲ့ အချို့သော နေရာတွေက အသွား အလာ၊ အနေအထိုင် မပျက်ပုံမှန်အနေအထားအတိုင်းရှိနေတယ်ဆိုပြီး ဝေဖန်ထောက်ပြမှုတွေ ရှိတဲ့အပေါ် ဘယ်လို ပြောပြချင်သလဲ။**
ဘာဖြစ်လို့ တပ်မဟာ၊ ခရိုင်အားလုံးက အကုန်လုံးထပြီး မတိုက်တာလဲဆိုပြီးတော့အခြေအနေကို နားမလည်တဲ့သူတွေက ဝေဖန်ပြောဆိုနေတာတွေ ဆိုရှယ်မီဒီယာတွေမှာ တင်ပြီး ပြောဆိုနေတာတွေကို အများကြီးတွေ့နေရ တာပေါ့။ တိုက်ပွဲဆိုတာက လက်နက်နဲ့ တိုက်တဲ့ တိုက်ပွဲတစ်ခုပဲ ရှိတာ မဟုတ်ပါဘူး။ နောက်ပြီး ကျနော်တို့မှာက ကိုယ့်ကိုယ်ကို အပြည့်အဝ ခုခံပိုင်ခွင့်ရှိတယ်ဆိုတဲ့ သဘောထားလည်းအတိအကျရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဗဟိုကော်မတီကနေ ချမှတ်လိုက်တဲ့ လမ်းစဉ်အတိုင်း ခရိုင်၊ တပ်မဟာတွေက သွေဖယ်ပြီး သွားမှာမဟုတ်ဘူး။ ကိုယ့်ကိုယ်ကို ခုခံပိုင်ခွင့် အပြည့်အဝရှိတယ်ဆိုတဲ့အပေါ်မှာ ကိုယ့်ကို လာထိခိုက်စေမယ့်အရာတွေကိုတော့ ခုခံကာ ကွယ်ခွင့်အပြည့်အဝရှိတယ်။

ဒါပေမဲ့ ကျနော်တို့ လုပ်နေရတဲ့ အနေအထားက ခရိုင်၊ တပ်မဟာ တစ်ခုနဲ့ တစ်ခု အခြေအနေက မတူညီနေတဲ့ အပေါ်မှာ ကျနော်တို့ ရင်ဆိုင်နေရတဲ့အရာတွေကို ကျနော်တို့ ခရိုင်၊ တပ်မဟာ ခေါင်း ဆောင်တွေက အသိဆုံးဖြစ်တယ်။ ခရိုင် ၊ တပ်မဟာအတွင်းမှာပဲ တိုက်ပွဲဖြစ်ရမယ်လို့ မဆိုလိုဘူး။ ဖြစ်နိုင်ရင် ကိုယ့်နယ်မြေအပြင်ဘက်မှာလည်း ဖြစ်နေမယ်ဆိုရင် ဘယ်လိုကောင်းမွန်မလဲ ဆိုတာကိုလည်း ထည့်သွင်း စဉ်းစားရမှာဖြစ်တယ်။ ကျနော်တို့ တပ်မဟာ၊ ခရိုင်တွေမှာ တိုက်ပွဲ ဖြစ်ပွားလာတာ နှစ်ပေါင်းလပေါင်းများနေပြီး။ ဒီစစ်အာဏာရှင်ကို တိုက်ထုတ်ဖို့ဆိုတာက ကိုယ့်နယ်မြေအတွင်းဖြစ်စေ၊ နယ်မြေပြင်ပဖြစ်စေ အကုန်လုပ်ရမှာဖြစ်တယ်။ ပြောရဲတာက ကိုယ့်နယ်မြေအတွင်းဖြစ်စေ၊ နယ်မြေပြင်ပဖြစ်စေ တိုက်ပွဲဖော်ဆောင်မှုတွေကို ခရိုင်တပ်မဟာ အားလုံးက အတူတကွ ချိတ်ဆက်လုပ်ဆောင်နေကြတယ်ဆိုတာကိုတော့ ရဲရဲကြီးပြောရဲတယ်။ ကျနော် တို့ ပြည်သူတွေအနေနဲ့လည်း ဒါကို အမြင်ကျယ်ကျယ်မြင်နိုင်မယ်လို့ ယုံကြည်တယ်။ ကျနော်တို့ရဲ့ ကြိုးစားလုပ်ဆောင်မှုတိုင်းက ခရိုင် တပ်မဟာ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုပဲဆိုတာကိုတော့ နား လည်ပြီးတစ်ယောက်နဲ့ တစ်ယောက်ပျက်စီးရာပျက်စီးကြောင်း ပြောဆိုတာမျိုးကို မလုပ်မိစေဖို့ တောင်း ဆိုချင်တယ်။

**မေး- ကေအဲန်ယူ နယ်မြေအတွင်းမှာ ဖြစ်ပေါ်လာမယ့် တိုက်ပွဲရဲ့ ရှေ့အလားအလာအခြေအနေ နဲ့ ပတ်သက်ပြီး သုံးသပ်ပြောပြပေးပါ။**
စစ်အာဏာရှင်ကို တိုက်ဖျက်ဖို့ဆိုရင် ပါးစပ်ပြောဖို့ လုပ်နေလို့မရဘူး။ လက်တွေ့ကျတဲ့ အလုပ်ကိုပဲ လုပ်ရမယ်။ စစ်ရေးအရလည်း လုပ်ရမယ်။ တခြား ပိတ်ဆို့အရေးယူမှုတွေ၊ စီးပွားရေး လုပ်ငန်းတွေ စစ်တပ်ရဲ့ဝင်ငွေတွေနဲ့ နိုင်ငံရေးအရ နည်းလမ်းအားလုံးလုပ်သွားဖို့နေရာက စစ်ရေးအရ တစ်ဖက်တည်း လုပ်သွားလို့ မရဘူး။ စစ်ရေးအရ ပြောမယ်ဆိုလည်း ထပြီးပစ်လို့မပြီးဘူး။ ကြိုတင်ပြင်ဆင်မှုနဲ့ အနာဂတ်ရလဒ်တွေအတွက် အားလုံးကို အသေအချာ ထည့်သွင်းစဉ်းစားထားရတာဖြစ်တယ်။ ကိုယ့်ကိုယ်ကို စစ်အာဏာရှင်ကို အပြုတ်တိုက်ဖို့ ဆုံးဖြတ်ထားပြီးဆိုရင် ဒီစစ်အာဏာရှင်တွေနဲ့ ဆွေးနွေးပြီးတိုက်နေလို့ ဘယ်တော့မှ အမြစ်ပြတ်မှာမဟုတ်ဘူး။ စစ်ရေးအရအပြင် ဖြစ်နိုင်တဲ့ နည်းလမ်းအားလုံးကို လုပ်ဆောင်သွားဖို့လိုတယ်။

အဲ့တော့ တိုက်ပွဲ ဆက်ပြင်းထန်လာကောင်း ပြင်းထန်မယ်။ ပြောနိုင်တာက စစ်ကောင်စီအနေနဲ့က ဖြစ်လာတဲ့ ကိစ္စတိုင်းကို အကြမ်းဖက်နည်းလမ်းနဲ့ပဲ ဖြေရှင်းသွားမယ်ဆိုတာကိုတော့ ကြိုမြင်ထားပြီးဖြစ်တဲ့အတွက် ကျနော်တို့ နယ်မြေအတွင်းပဲ မဟုတ်ဘူး၊ တခြားသော နယ်မြေတွေ အလယ်ပိုင်းကော၊ အောက်ပိုင်းကော အကုန်လုံး ပုံစံတစ်မျိုးပဲ သူတို့လုပ်နေတာ ဖြစ်တဲ့အတွက် ဒါတွေဟာ ကျနော်တို့ အားလုံးကို အကုန်လာထိခိုက်မယ်ဆိုတာ သံသယဖြစ်စရာမရှိဘူး။

နောက်တစ်ခုက ကျနော်တို့က တော်လှန်နေတဲ့ သူဖြစ်နေခဲ့ပြီးဖြစ်တဲ့အတွက် မတရားမှုတွေကို အရင်ကတည်းက မြင်တွေ့လာခဲ့ရပြီးဖြစ်တဲ့အတွက် အားလုံးအတူတကွ စုစည်းပြီး စိတ် ဆန္ဒပြင်းပြင်းပြပြရှိဖို့လိုတယ်။ ပြေးခဲ့ရဖူးပြီးပြီ။ ပြေးနေခဲ့ရပြီးပြီဆိုတဲ့အပေါ်မှာ ဒီကနေ့ တစ်တိုင်းပြည်လုံးမှာ လိုက်ပါဖြစ်ပေါ်နေတဲ့အခြေအနေမှာ ကိုယ့်နယ်မြေထဲမှာပဲ လာပြီး ထွက်ပြေးရုံလောက်ပဲ လုပ်နေလို့ မရတော့ဘူး။ တိုက်စရာရှိရင် တိုက်ရမယ်။ တတိုင်းပြည်လုံး အနေနဲ့ ပြေးလွှားနေရတဲ့ အခြေအနေကို

ကြုံတွေ့နေရပြီးဖြစ်တဲ့အတွက် ဒါတွေကို စိတ်မှာ သေသေချာချာ နလုံးသွင်းပြီးတော့ ကျနော်တို့ ကရင်အမျိုးသားအစည်းအရုံးတစ်ခုထဲပဲ မဟုတ်ဘူး။ တခြားသော NUCC ထဲမှာပါဝင်နေတဲ့ အဖွဲ့ဝင် အဖွဲ့စည်းပေါင်း ၃၀ ကျော်စလုံးအနေနဲ့ ကိုယ်တွေဟာ ဦးဆောင်မှု ကဏ္ဍမှာရှိနေတယ်ဆိုတာကို ပြန်သတိရပြီး အနာဂတ်မှာ အကောင်းဆုံး ကြိုးစားလုပ်ဆောင်ကြဖို့ လိုမယ်လို့ ပြောချင်တယ်။

**မေး- နောက်ဆုံး ဘာများဖြည့်စွက်ပြောချင်တာမျိုးရှိသေးလဲ။**
ကျနော်တို့ ကြုံတွေ့လာခဲ့ရတဲ့ အခွင့်အရေးတွေအများကြီး ရှိခဲ့ပြီးပြီဖြစ်တယ်။ များသောအားဖြင့် ပြောကျတာက ၄၉ ခုနှစ်တုန်းက တစ်ကြိမ်၊ ၆၂ ခုနှစ်တုန်းက တစ်ကြိမ် ၈၈ တုန်းကတစ်ကြိမ်ဆိုပြီး အခွင့်အရေးတွေ ရခဲ့ဖူးတယ်ပေါ့။ ဒါပေမဲ့ အဲ့ဒီ ရရှိခဲ့ဖူးတဲ့ အခွင့်အရေးက ဒီကနေ့ ကျနော်တို့ ရရှိနေတဲ့ အခွင့်အခါကောင်းနဲ့ မတူပါဘူး။ ဥပမာ စစ်ရေးနည်းလမ်းတွေနဲ့ နှင်းကန် တိုက်ခဲ့ပေမဲ့ ကျနော်တို့ မလုပ်နိုင်ခဲ့ဘူး။ ဒါပေမဲ့ အခုအခါမှာတော့ အခွင့်အရေးရနေပြီးလို့ ပြောလို့ရတယ်။

တွန်းလှန်တိုက်ခိုက်မှုတွေဆိုရင်လည်း ရန်ကုန်-မန္တလေး လမ်းတွေမှာလည်း နေ့တိုင်း လိုလို ဖြစ်နေတာကို တွေ့ရမှာဖြစ်တယ်။ ဒါတွေဟာလည်း ဒီကနေ့ ကျနော်တို့ကြိုးစားလုပ်ဆောင် နေတာနဲ့ ထပ်တူကျနေတဲ့အပေါ်မှာ ဖြစ်ပေါ့။ လာမယ့်အကျိုးဆက်တွေကိုလည်း အရင်အတွေ့အကြုံ ရှိခဲ့ဖူးသူ တွေ အနေနဲ့လည်း ပိုပြီး စိတ်ဆန္ဒ ပြင်းပြင်းပြပြ ပိုရှိဖို့လိုပြီး အထူးသဖြင့် ပြည်တွင်းပြည်ပမှာရှိနေတဲ့ ကျနော်တို့ ကရင်အမျိုးသားတွေအနေနဲ့ ဒီကနေ့ အချိန်အခါမှာ စည်းလုံးညီညွတ်မှုကို တည်ဆောက် နိုင်ဖို့က အရေးကြီးဆုံးအချိန်ဖြစ်တယ်။ အချင်းချင်းအကြား အခက်အခဲဖြစ်စေတဲ့ တိုက်ခိုက်မှုမျိုးတွေကို ရှောင်ရှားပြီးတော့ စစ်အာဏာရှင်ကို ဖြုတ်ချဖို့ ဒီကနေ့ ရရှိနေတဲ့ အခွင့်အရေးကို အကောင်းဆုံး အသုံးချပြီး လုပ်ဆောင်သွားဖို့ လိုတယ်လို့ ပြောချင်ပါတယ်။

https://kicnews.org/2022/03/knu-နယ်မြေအတွင်း-တိုက်ပွဲအ/

------------------------------------------------------------------------------------------------------------

**ကေအဲန်ယူ မူတြော်ခရိုင်တွင် စစ်ကောင်စီလေယာဉ် လာရောက်ဗုံးကြဲတိုက်ခိုက်၊ လူနေအိမ်ထိခိုက်ပျက်စီးမှုရှိ**

**မတ်လ(၂၇)ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**



Photo: ဒေသခံ

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စုတွင် ယနေ့ မတ်လ ၂၇ရက်နေ့ နံနက် ၂နာရီအချိန်ခန့်တွင် စစ်ကောင်စီ ဗုံးကြဲလေယာဉ် ၂ စင်းဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်မှုကြောင့် လူနေအိမ်အချို့ ထိခိုက်ပျက်စီးမှုရှိခဲ့သည်ဟု ကေအဲန်ယူ မူတြော်ခရိုင်သတင်းစဉ်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စစ်ကောင်စီ၏ဗုံးကြဲလေယာဉ်ဖြင့် လာရောက်ဗုံးကြဲမှုတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စုအတွင်းရှိ ဒေဘုနိရွာ၏အထက်တန်းကျောင်းဝင်းဟောင်းနှင့် ထီးလေးကီးကျေးရွာအတွင်းသို့ တစ်လုံးစီလာရောက်ဗုံးကြဲချသွားခြင်းဖြစ်ပြီး လူသူမဲ့အိမ်အချို့ထိခိုက်ပျက်စီးသွားကြောင်း၊ ထိခိုက်ပျက်စီးမှုသတင်းအတိအကျကိုမူ စုံစမ်းနေဆဲဖြစ်ကြောင်း ကေအဲန်ယူမူတြော်ခရိုင်သတင်းစဉ်က ဖော်ပြထားသည်။

စစ်ကောင်စီတိုက်လေယဉ်ဖြင့်ဗုံးများလာရောက်ကြဲချသည့် ထိုရွာများသည် ယမန်နှစ် ၂၀၂၁ ခုနှစ်၊ မတ်လ(၂၇)ရက်နေ့ (စစ်ကောင်စီ တပ်မတော်နေ့) တုန်းကလည်း ပထမဆုံးအကြိမ် လာရောက်ဗုံးကြဲချမှု ပြုလုပ်ခဲ့သော ကျေးရွာများဖြစ်သည်ဟု သိရသည်။

ယခု စစ်ကောင်စီတိုက်လေယာဉ်ဖြင့် ဗုံးလာရောက်ကြဲချမှု ဖြစ်စဉ်အသေးစိတ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ မူတြော်ခရိုင်တာဝန်ရှိသူများအား ကေအိုင်စီအနေဖြင့် ကြိုးစားဆက်သွယ်နေဆဲဖြစ်သည်။

ပြီးခဲ့သည့် မတ်လ ၂၅ ရက်နှင့် ၂၆ ရက်နေ့တုန်းကလည်း ကေအဲန်ယူ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ် (မြဝတီတောင်ဘက်)ရှိ မောခီးနှင့် စုကလိကျေးရွာအုပ်စုဘက်တွင်လည်း စစ်ကောင်စီ၏ တိုက်လေယာဉ်များက အလားတူ ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူနေအိမ်အဆောက်အဦးအချို့ ထိခိုက်မှုရှိခဲ့သည်။

[https://kicnews.org/2022/03/ကေအဲန်ယူ-မူတြော်ခရိုင်တ/](https://kicnews.org/2022/03/ကေအဲန်ယူ-မူတြော်ခရိုင်တ/)

---------------------------------------------------------------------------------------------------------

## စစ်ကောင်စီ၏ တပ်မတော်နေ့တွင် ကေအဲန်ယူထိန်းချုပ်နယ်မြေအတွင်း လေကြောင်းတိုက်ခိုက်မှု(၃)ကြိမ်ပြုလုပ်

မတ်လ ၂၈ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ



Photo: CJ

ယမန်နေ့က ကျင်းပသည့် စစ်ကောင်စီ၏ (၇၇)နှစ်မြောက် တပ်မတော်နေ့တွင် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ထိန်းချုပ်နယ်မြေ မူတြော်ခရိုင် တပ်မဟာ(၅)နှင့် ဒူးပလာယာခရိုင် တပ်မဟာ(၆)တွင် စစ်ကောင်စီ က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု (၃)ကြိမ် ပြုလုပ်သွားခဲ့သည်ဟု သိရသည်။

မူတြော်ခရိုင်၊ လူသောမြို့နယ် ပေးကေးကျေးရွာအုပ်စုတွင် မတ်လ ၂၇ရက် နံနက်(၂)နာရီအချိန်တွင် လေယာဉ် ၂ စင်းဖြင့် ဗုံးကြဲတိုက်ခိုက်သွားသည့်အပြင် နေ့လည် ၁နာရီခွဲအချိန်နှင့် ညနေ ၅နာရီကျော်အချိန်တွင် ဒူးပလာယာခရိုင် မြဝတီတောင်ဘက် ဘလက်ဒိုကျေးရွာတွင် ဟတ်စကီးလေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်သွားခြင်းဖြစ်သည်။

စစ်ကောင်စီ လေယာဉ်နှစ်စင်းဖြင့် လေကြောင်းတိုက်ခိုက်မှုပြုလုပ်သွားသည့် မူတြော်ခရိုင်တွင် ဒေသခံလူထုထိခိုက်သေဆုံးမှုများမရှိသော်လည်း ဒေဘူနို အထက်တန်းကျောင်းဝင်းပေါင်းရှိ စာသင်ကျောင်းအဆောက်အဦးနှင့် လူသူမဲ့နေအိမ်အချို့ ပျက်စီးမှုများရှိခဲ့သည်ဟု KNU က သတင်းထုတ်ပြန်ထားသည်။

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN) ပြောခွင့်ရ နော်ဝါးခုရှီးက “ ဒေဘူနို့မှာ လေယာဉ်နဲ့ဗုံးလာကြဲပြီး တစ်နှစ်ပြည့်နှစ်မှာ လာပြန်တိုက်ခိုက်တာ။ ပြီးခဲ့တဲ့နှစ်လာတိုက်တာလည်း သူတို့ တပ်မတော်နေ့မှာပဲ။ ပြီးခဲ့တဲ့နှစ်က ထိခိုက်သေဆုံးတာရှိတယ်။ အဲဒါကို စစ်တပ်က သူတို့ဘက်တော့ သူတို့အာဏာလာပြတဲ့သဘော။ ကျမတို့ဘက်ကကြည့်ရင်တော့ သူတို့က တစ်ခြားနည်းလမ်းမရှိတော့ဘူး။ ပြည်သူတွေကိုပဲ ပြန်တိုက်ခိုက်တာ။ သူတို့အခုလိုတိုက်တာက တပ်ဘက်အပိုင်း ထိခိုက်တာမရှိဘူး။ ထိခိုက်သွားတာကလူထုတွေပဲ။” ဟု ကေအိုင်စီသို့ ပြောသည်။



Photo: CJ

ထို့အပြင် စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်သည့်အပြင် မြေပြင်တိုက်ခိုက်မှုလည်း ပြင်းထန် လာကာ ယမန်နေ့တွင် မြဝတီ အာရှလမ်းမပေါ်ရှိ တောနော်ရေတံခွန်အနီးတွင်လည်း တိုက်ပွဲပြင်းထန်ပြီးနောက် မြဝတီ-ဝေါလေ ကားလမ်းမပေါ်ရှိသေ့ဘောဘိုးကျေးရွာဘက်တွင်

စစ်ကူတက်လာသည့် စစ်ကောင်စီစစ်ကြောင်းကို နယ်မြေခံ KNLA ပူးပေါင်းတပ်က တိုက်ခိုက်သည့်အတွက် တိုက်ပွဲပြင်းထန်ပြီး စစ်ကောင်စီတပ်ဘက်မှ ထိခိုက်ကျဆုံးမှုများပြားခဲ့ကြောင်းလည်း သိရသည်။

အလားတူ ကေအဲန်ယူ သထုံခရိုင် တပ်မဟာ(၁) နယ်မြေ၊ ပိန္နဲတောကျေးရွာတွင်လည်း ယမန်နေ့ ညနေပိုင်းတွင် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားကာ စစ်ကောင်စီတပ်မှ ကျေးရွာထဲသို့ လက်နက်ကြီးများနှင့် ပစ်ခတ်သည့်အတွက် ဒေသခံလူထုထိခိုက်ဒဏ်ရာရရှိမှုများရှိသလို နေအိမ်အဆောက်အဦးအချို့လည်း ထိခိုက်ပျက်စီးသွားခြင်းရှိသည်ဟု သိရသည်။

ပြီးခဲ့သည့် မတ်လ ၂၅ နှင့် ၂၆ ရက်နေ့များတွင်လည်း ကေအဲန်ယူ ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ်(မြဝတီ တောင်ဘက်)တွင်ရှိသည့် မောခီးနှင့် စုကလိကျေးရွာအုပ်စုများတွင် စစ်ကောင်စီတပ်မှ လေယာဉ်နှင့် ဗုံးကြဲ တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သဖြင့် ဒေသခံနေအိမ်အဆောက်အဦးအချို့လည်း ထိခိုက်ပျက်စီးခဲ့သလို ကျေးရွာ ၈ ရွာထက်မနည်းမှ ထောင်နှင့်ချီသော ဒေသခံပြည်သူများသည် အသက်ဘေးလွတ်ရာထိုင်းနယ်စပ်ဘက်ခြမ်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

ကရင်ပြည်နယ် ကေအဲန်ယူ၊ ထိန်းချုပ်နယ်မြေများတွင် စစ်ကောင်စီတပ်မှ ယခုလို လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် အရပ်သားလူထု ၁ သိန်း ၅သောင်းဝန်းကျင်သည် နေအိမ်မပြန်နိုင်သေးဘဲ ထွက်ပြေးတိမ်းရှောင်နေရဆဲဖြစ်ကာ အဆိုပါ စစ်ရှောင်များအတွက် အစားအသောက်၊ ဆေးဝါးနှင့် အရေးပေါ် အဆောက်အဦးများလိုအပ်လျက်ရှိကြောင်းလည်း နိုင်ငံတကာ ကရင်အဖွဲ့အစည်း -IKOက ယနေ့ မတ်လ ၂၈ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ထားသည်။

https://kicnews.org/2022/03/စစ်ကောင်စီ၏-တပ်မတော်နေ့/

------------------------------------------------------------------------------------------------------------

## ဘလယ်ဒိုး-သေ့ဘောဘိုး တိုက်ပွဲ စစ်ကောင်စီတပ် ၆၁ ဦး ကျဆုံးပြီး ၁၅ ထိခိုက်ဒဏ်ရာရ၊ တပ်နောက်ပြန်ဆုတ်နေ

**မတ်လ ၂၈ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



Photo: KNLA

KNU-ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ ၆ နယ်မြေ (မြဝတီမြို့တောင်ဘက်) ကျောက်ခက်-သေဘောဘိုးကျေးရွာကြားရှိ ဘလယ်ဒိုကျေးရွာတိုက်ပွဲတွင် ယမန်နေ့ မတ်လ ၂၇ရက်နေ့က စစ်ကောင်စီ တပ်ဘက်မှ ၆၁ ဦးကျဆုံးပြီး ၁၅ ဦးထိခိုက်ဒဏ်ရာရခဲ့သည်ဟု မြေပြင်သတင်းအရ သိရသည်။

ဝေါလေဒေသဘက် အင်အား ၃၀၀ ကျော်ပါ စစ်ကောင်စီစစ်ကြောင်းအား ကရင်မျိုးသားလွတ်မြောက်ရေး တပ်မတော် KNLA ပူးပေါင်းတပ်များက ကြားဖြတ်တိုက်ခိုက်ခဲ့ရာတွင် အကျအဆုံးများပြားသဖြင့် ဘလယ်ဒိုကျေးရွာလမ်းမှ ကျောက်ခက်ကျေး ရွာဘက်သို့ စစ်ကြောင်းပြန်ဆုတ်သွားခဲ့ရသည်ဟု တိုက်ပွဲအတွင်း ပါဝင်သည့် KNLA ပူးပေါင်းတပ်ဖွဲ့မှ တပ်မှူးတစ်ဦးက ကေအိုင်စီသို့ ပြောသည်။

” ၆၁ ယောက်ကျတယ်။ ၁၅ ယောက်ဒဏ်ရာရတယ်။ ကျနော်တို့နယ်မြေရှင်းလင်းရေးလုပ်တဲ့အခါမှာ ၄ ယောက်ပဲ အလောင်းရတယ်။ ကျန်တာကိုတော့ ညက လာဆွဲသွားတာ။ မနေ့က ရှေ့မှာပဲ တစ်လောင်း ၊ တစ်လောင်း တန်းစီနေတယ်။ သူပစ်ကိုယ်ပစ်ဆိုတော့ ကိုယ်သွားမကောက်ရဲ၊ သူတို့လည်း မကောက်ရဲဖြစ်နေတယ်။ သူတို့ယူ သွားလို့ရတဲ့အလောင်းကတော့ ညကယူသွားလိုက်တာပေါ့။ ကျနော်တို့ဘက်က ထိခိုက်မှုမရှိဘူး။ ” ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် ယနေ့ နံနက် နယ်မြေရှင်းလင်းရေးဆောင်ရွက်ရာတွင် စနိုက်ပါ တစ်လက်၊ ၆၀ မမတစ်လက်၊ M1 တစ်လက်၊ M2 တစ်လက်နှင့် ကျည်ဆံအများအပြား သိမ်းဆည်းရရှိပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်အလောင်းများကိုလည်း ရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း ၎င်းတပ်မှူးက ဆက်ပြောသည်။



Photo: KNLA

ယမန်နေ့က ဖြစ်ပွားသည့် တိုက်ပွဲတွင် သေဆုံးဒဏ်ရာရရှိမှုအများအပြားရှိလာသည့်အတွက် လေကြောင်းပစ်ကူ ရဟတ်ယာဉ် ၂ စီးဖြင့် ၂ ကြိမ်လာရောက် ပစ်ကူခဲ့ပြီးနောက်ပိုင်း ဘလယ်ဒိုကျေးရွာလမ်းမှ ကျောက်ခက် ကျေးရွာ ဘက်သို့ စစ်ကြောင်း နောက်ပြန်ဆုတ်သွားခဲ့ပြီး ယနေ နေ့လည်ပိုင်းအထိ စစ်ကြောင်းတက်လာခြင်းမရှိသေးကြောင်း မြေပြင်သတင်းအရ သိရသည်။

အဆိုပါ တိုက်ပွဲကြောင့် ကျောက်ခက် ၊ ဘလယ်ဒို ၊ သေ့ဘောဘိုး၊ ဆုံဆည်းမြိုင် အနီးဝန်းကျင်နေထိုင်သူ ဒေသခံ ၂၀၀၀ ထောင်ခန့် ထိုင်းနိုင်ငံဘက် သောင်ရင်းမြစ်ဘေးနေရာသို့ ယာယီထွက်ပြေးတိမ်းရှောင်နေခဲ့ရပြီး ယနေ့ နံနက်ပိုင်း ထိုင်းနိုင်ငံ နယ်ခြားစစ်တပ်မှ တိုက်ပွဲငြိမ်ချိန် မြန်မာပြည်ဘက် ပြန်ကြရန် သတိပေးမှုများကြောင့် စစ်ဘေးရှောင်ဒေသခံများ မိမိနေရပ်ပြန်နေထိုင်ရန် အခက်အခဲများရှိနေကြောင်း စစ်ရှောင်များက ပြောသည်။

“စစ်ဘေးရှောင်တွေဆီ မနေ့ကသွားတော့ တိုက်ပွဲက ကျည်တွေ ထိုင်းဘက်ကျနေတော့ ထိုင်းစစ်တပ်က အသွားအလာပေးမလုပ်ဘူး၊ စစ်ရှောင်တွေ ထမင်ပူး၊ ရေပူးဝေပြီး မြန်မြန် ပြန်ထွက် ခိုင်းတယ်၊ စစ်ရှောင်တွေကိုလည်း ထိုင်းဘက်ကမ်းပေါ် ပေးမတက်ဘူး၊ တိုက်ပွဲ ငြိမ်ရင်ပြန်ကူးသွားကြဖို့ ပြောတယ်၊ တိုက်ပွဲတွေ ဆက်ဖြစ်နေရင် စစ်ရှောင်တွေ တော်တော်တိုးလာမယ်၊ ကူညီရေးလမ်းကြောင်းတွေ ကြပ်လာမယ်ဆို စစ်ရှောင်တွေ နေရေး၊ စားရေးခက်လာမယ့် အခြေအနေရှိနေတယ်”ဟု စစ်ရှောင်ကူညီရေးလုပ်ဆောင်နေသူတစ်ဦးက ပြောသည်။

KNU တပ်မဟာ ၆ စစ်ရေးနယ်မြေအတွင်း စစ်အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်လာနေသည့် စစ်ကောင်စီတပ်များအား ဒေသတွင်း KNLA၊ KNDO နှင့် ဒေသတွင်း ပူးပေါင်းတပ်ဖွဲ့များနှင့် နေရာစုံတွင် တိုက်ပွဲများ နေ့စဉ်ဖြစ်ပွားနေပြီးဒေသ ကျေးရွာ ၃၀ ကျော်မှ စစ်ဘေးရှောင် ၃ သောင်းခန့်အထိမြင့် တက်လာနေကြောင်း စစ်ဘေးရှောင် အကူအညီပေးရေးအဖွဲ့များ ကောက်ခံထားသည့် စာရင်းများအရ သိရသည်။

https://kicnews.org/2022/03/ဘလယ်ဒို-သေ့ဘောဘိုး-တိုက်/

-------------------------------------------------------------------------------------------------------------------

## KNU တပ်မဟာ ၆ နယ်မြေက တိုက်ပွဲတွေကြောင့် လူထောင်နဲ့ချီ ထွက်ပြေးရ

2022.03.26



ကရင်ပြည်နယ်က တိုက်ပွဲများကြောင့် နေရာပြောင်းရွှေ့ထွက်ပြေးနေရသည့် ဒုက္ခသည်တစ်ဦးကို ၂၀၂၂ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့က တွေ့ရစဉ် Photo: ကဆောဝါး (KIC)

ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ ၆ နယ်မြေ မြဝတီခရိုင်နဲ့ ကော့ကရိတ် မြို့နယ်တွေမှာ KNU လက်အောက်ခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF)

ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ကောင်စီတပ်တွေကြား တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေပြီး စစ်ပြေးဒုက္ခသည် ခြောက်ထောင်ကနေ ရှစ်ထောင်ကြား ထပ်မံ ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ KNU နိုင်ငံခြားရေးတာဝန်ခံ ပဒိုစောတောနီးက ပြောပါတယ်။

KNU တပ်မဟာ (၆) ထိန်းချုပ်နယ်မြေ ဝေါလေဒေသ၊ ကရင်ပြည်နယ် မြဝတီခရိုင်၊ မောဓီးကျေးရွာအနီးက စစ်ကောင်စီ ခြေလျင်တပ်ရင်း (ခလရ-၃၂) စခန်းကို KNU တပ်မဟာ (၆) လက်အောက်ခံ KNLA ၂၀၁ တပ်ရင်းနဲ့ ပူးပေါင်းတပ်ဖွဲ့တွေ မတ် ၂၁ ရက်နေ့က တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် နှစ်ဘက်တိုက်ပွဲတွေ ပိုပြင်းထန်လာတာပါ။

တိုက်ပွဲတွေကြောင့် ဒေသခံ စစ်ပြေးဒုက္ခသည်တချို့ ထိုင်းနိုင်ငံဘက်ကို ထွက်ပြေး တိမ်းရှောင်နေရတယ်လို့ စစ်ပြေးဒုက္ခသည်တွေကို ကူညီနေသူတစ်ဦးကလည်း ပြောပါတယ်။

မတ် ၂၅ ရက်နေ့တုန်းက တိုက်ပွဲတွေ ပြင်းထန်လို့ သောင်းရင်းမြစ်နံဘေး မယ့်ကိုကင်းမှာ ခိုလှုံနေတဲ့ စစ်ပြေးဒုက္ခသည် ၅၀၀ ကျော် ထိုင်းနိုင်ငံဘက်ခြမ်း ထွက်ပြေးလာကြတယ်လို့ စစ်ပြေးဒုက္ခသည်တွေကို ကူညီနေတဲ့ သဘာဝရိပ်သာ TCTF လူမှုကူညီရေး အဖွဲ့အစည်းက ကိုအောင်သူလင်းကလည်း ပြောပါတယ်။

တိုက်ပွဲတွေ ပြင်းထန်လာတဲ့အတွက် ကော့ကရိတ်-မြဝတီ (အာရှလမ်းမကြီး) နဲ့ မြဝတီ-ဝေါလေ လမ်းပိုင်းတွေမှာ ယာဉ်သွား၊ ယာဉ်လာတွေ ယာယီရပ်ဆိုင်းလိုက်တယ်လို့ KNU က မတ်လ ၂၆ ရက်က သတင်း ထုတ်ပြန်ပါတယ်။

https://www.rfa.org/burmese/news/between-6000-and-8000-refugee-are-fleeing-in-karen-03262022232401.html

---

## ရက္ခိုင့်တပ်တော် ULA/ AA နဲ့ NUG အလွတ်သဘောတွေ့ဆုံလို

2022.03.26




ရက္ခိုင့်တပ်တော် AA အမှတ်တံဆိပ်ကို တွေ့ရစဉ် Photo: RFA

စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးအတွက် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် ULA၊ ရက္ခိုင့် တပ်တော် AA တို့နဲ့ အလွတ်သဘောတွေ့ဆုံလိုကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ NUG က ဖိတ်ကြားလိုက်ပါတယ်။

မဟာမိတ်ဆက်ဆံရေး ကော်မတီခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင် လက်မှတ်နဲ့ မတ်လ ၂၄ ရက်နေ့က ကြေညာချက် ထုတ်ပြန်လိုက်တာပါ။

NUG ဟာ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းတွေ၊ မိတ်ဖက်နိုင်ငံရေး အဖွဲ့အစည်း တွေနဲ့ အင်အားစုတွေနဲ့အတူ ပူးပေါင်းလက်တွဲပြီး အာဏာရှင်စနစ်အပြီးတိုင် ဖျက်သိမ်းရေး နဲ့ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖော်ဆောင်ရေး လုပ်ငန်းတွေကို ကြိုးပမ်း ဆောင်ရွက်ဖို့ ဆန္ဒပြင်းပြ ထက်သန်နေတယ်လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ULA/ AA အဖွဲ့ တို့နဲ့ အဆင်ပြေသင့်လျော်မယ့် အချိန်၊ နေ့ရက် ရွေးချယ်ပြီး အမျိုးသား ညီညွတ်ရေးအစိုးရ၊ မဟာမိတ်ဆက်ဆံရေးကော်မတီက တွေ့ဆုံလိုတယ်လို့ ဖိတ်ကြားစာ မှာ ဖော်ပြထားပါတယ်။

AA ဟာ အမျိုးသားညီညွတ်ရေးအစိုးရ အနေနဲ့ တရားဝင်မဟုတ်ဘဲ အလွတ်သဘော တွေ့ဆုံခဲ့တယ်လို့ မတ် ၅ ရက်နေ့က ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြား ထားပါတယ်။

AA ဟာ နိုင်ငံတကာနဲ့ ပူးပေါင်းပြီး အာရက္ခပြည် တည်ထောင်သွားမယ်လို့လည်း သတင်းစာ ရှင်းလင်းပွဲမှာ AA ပြောရေးဆိုခွင့်ရှိသူ ကိုခိုင်သုခ က ပြောပါတယ်။

https://www.rfa.org/burmese/news/nug-want-to-meet-with-aa-03262022224031.html

-----------------------------------------------------------------------------------------------------------

## ချင်းပြည်နယ်တောင်ပိုင်း၌ အေအေနှင့် စစ်ကောင်စီတပ်အကြား စစ်ရေးတင်းမာနေ

Published By DVB | 28 March, 2022



ရခိုင်ပြည်နယ်စပ် ချင်းပြည်နယ်တောင်ပိုင်းမှာ ရက္ခိုင့်တပ်တော် (အေအေ)နဲ့ စစ်ရေးတင်းမာနေတာကြောင့် စစ်ကောင်စီက တက်တွေ အင်အားတိုးမြှင့်ချထားနေတယ်လို့ ချင်းပြည်နယ်ပူးတွဲကာကွယ်ရေးကော်မတီ(တောင်ပိုင်း) CJDC တာဝန်ရှိသူက ပြောပါတယ်။

မင်းတပ်-မတူပီ-ပလက်ဝမြို့နယ်တွေမှာ စစ်ကောင်စီက အင်အား ၈၀၀ ကနေ ၁၀၀၀ အထိအသုံးပြုပြီး နယ်မြေထိန်းချုပ်ဖို့ကြိုးစားနေဖြစ်ပြီး ချင်းပြည်မြောက်ပိုင်း ဟားခါး-ဖလမ်းထက် တောင်ပိုင်းကို စစ်ကောင်စီက ပိုအာရုံစိုက်နေတာဟာ အေအေနဲ့ စစ်ရေးတင်းမာလာတာကို ကြိုတင်ပြင်ဆင်နေတဲ့သဘောဖြစ်တယ်လို့ ချင်းပြည်နယ်ပူးတွဲကာကွယ်ရေးကော်မတီ(တောင်ပိုင်း) CJDC တာဝန်ရှိသူက ပြောပါတယ်။

ချင်းပြည်နယ်တောင်ပိုင်းမှာ စစ်ကောင်စီက မင်းတပ်- ကျောက်ထု စစ်မျက်နှာ၊ ပလက်ဝ စစ်မျက်နှာဆိုပြီး စစ်မျက်နှာ ၂ ခုဖွင့်ထားပြီး အင်အား ၈၀၀ ကနေ ၁၀၀၀ အထိအသုံးပြုနေတယ်လို့ဆိုပါတယ်။

ပလက်ဝနယ်မြေခံတပ်ရင်း တပ်မ ၂၈၉ မှာ အင်အားအပြည့်ဖြည့်ထားသလို၊ ပလက်ဝမြို့နယ် ဆမီးမြို့၊ ဆမီးမြို့အနီး ကန်ထောင်အရပ်တွေမှာ စစ်ကောင်စီက တပ်ရင်းအပြည့်ထိုင်ထားပါတယ်။

မတူပီမြို့နယ် လိုင်လင်းပီမြို့မှာလည်း အင်အားအပြည့်နဲ့ဗျူဟာချထားပြီး စစ်ကောင်စီက သူတို့အခြေစိုက်ရာ တပ်ကုန်းတွေကို အပြည့်အဝကာကွယ်နိုင်ဖို့ပြင်ဆင်နေပါတယ်။

စစ်ကောင်စီရိက္ခာနဲ့ ခဲယမ်းလမ်းကြောင်းတွေကို ဒေသခံ CDF တွေ ကြားဖြတ်တိုက်ခိုက်လို့ မရအောင် သာလွန်အင်အားသုံးပြီး စစ်ကောင်စီက သယ်ယူပို့ဆောင်ရေးတွေပြုလုပ်နေပါတယ်။

ချင်းပြည်ပူးတွဲကာကွယ်ရေးကော်မတီ(တောင်ပိုင်း) တာဝန်ရှိသူက " မင်းတပ်မှာ CDF အားကောင်းလာတာနဲ့အမျှ မတူပီဘက်ကိုပို့ဖို့ မင်းတပ်ကိုဖြတ်ရတာမျိုးဆိုရင် သူတို့အင်အားအလုံးအရင်းနဲ့ ချီတက်လာလေ့ရှိတာကိုတွေ့ရတာပေ့ါလေ။ တောင်ပိုင်းဘက်မှာ ကာကွယ်ရေးတပ်ဖွဲ့ ၆ ဖွဲ့ရှိပါတယ်။ အဖွဲ့ ၆ ဖွဲ့ပဲရှိတဲ့ ဒေသကို စစ်တပ်အင်အားသုံးတာကြည့်မယ်ဆိုရင် ကျနော်တို့ အင်မတန်ခုခံရခက်တဲ့ အခြေအနေရှိတယ်။ မြောက်ပိုင်းထက် တောင်ပိုင်းက စိန်ခေါ်မှုရှိသလို တိုက်ပွဲလည်းပိုပြင်းထန်လာဖို့ရှိပါတယ်။ အရပ်သားသေဆုံးမှုကြည့်မယ်ဆိုရင်လည်း တောင်ပိုင်းမှာ ပိုများနေပါတယ်။"လို့ ပြောပါတယ်။

ချင်းပြည်နယ်မှာလိုပဲ စစ်ကိုင်းတိုင်းထဲမှာလည်း စစ်ကောင်စီက အင်အားသုံး အကြမ်းဖက်တာတွေ ဆက်တိုက်ပြုလုပ်နေတဲ့အတွက် ဒေသခံ PDF တွေဟာ ဒေသတွင်းအုပ်ချုပ်ရေးရုံးတွေနဲ့ ရဲစခန်းတွေကို ပြောက်ကျားစနစ်နဲ့ ထိုးစစ်ဆင်နေရပါတယ်။

သံချပ်ကာ ၂ စီးအပါအဝင် စစ်ကား ၈၀ ကျော်၊ စစ်သားအင်အား ၃၀၀ ကျော်ဟာ မတ်လ ၂၅ ရက်က မင်းတပ်မြို့ကနေ မတူပီမြို့ဘက်ကို စတင်ထွက်ခွာနေပြီး မတူပီမြို့က နယ်မြေခံတပ်ရင်းတွေကို လက်နက်နဲ့ရိက္ခာထောက်ပံ့ဖို့ကြိုးစားနေပါတယ်။

စစ်ကောင်စီက သာလွန်အင်အားနဲ့တိုက်ခိုက်ခဲ့လို့ ချင်းပြည်နယ်၊ ကန်ပက်လက် CDF ဌာနချုပ်ကို ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေက လက်လွှတ်ထားရပါတယ်။ ချင်းပြည်နယ် မြို့နယ် ၉ ခုထဲက တီးတိန်မြို့နယ်ကလွဲပြီး ကျန်မြို့နယ်အားလုံးမှာ တိုက်ပွဲတွေပြန်ဖြစ်ပွားနေပြီး စစ်တပ်က သာလွန်အင်အားနဲ့ မဖြစ်မနေထိန်းချုပ်နိုင်ဖို့ကြိုးစားနေတယ်လို့ ဒေသခံ CDF တွေက ပြောပါတယ်။

စစ်တပ်က CDF စခန်းတွေကိုတင်မကဘဲ ပြည်သူတွေဆီကိုပါ လက်နက်ကြီးတွေနဲ့ပစ်ခတ်ပြီး ဒေသတွင်းကိုအကြမ်းဖက်ဝင်ရောက်နေတာကြောင့် CDF တွေဟာ ပြည်သူတွေကို ငဲ့ပြီး နောက်ဆုတ်နေရတာဖြစ်ပါတယ်။

https://burmese.dvb.no/archives/524597

---------------------------------------------------------------------------------------------------------------

## မူဆယ်မြို့နယ် KIA ဆက်ကြေးကောက် ကြံကားများအခက်တွေ့နေ

By SHAN - March 28, 2022

သျှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာအုပ်စုတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)မှ ဆက်ကြေးကောက်ခံသဖြင့် ကြံစိုက်တောင်သူများ အခက်အခဲ ကြုံတွေ့နေရကြောင်း စုံစမ်းသိရှိရသည်။



ယနေ့ မတ် (၂၈)ရက် မနက် (၁၀)နာရီခန့်က (KIA) စစ်တပ်ဘက်မှ လူအင်အား (၁၀)ဦးရှိပြီး ဖြတ်သွားသည့် (၁၂)ဘီးကား တစ်စီးလျှင် နှစ်သိန်းငါးသောင်း၊ (၁၀)ဘီးကား တစ်စီးလျှင် နှစ်သိန်း ပေးဆောင်ရပြီး (၆)ဘီးကားမှာ တစ်သိန်းခွဲ ပေးဆောင်ရကြောင်း အမည်မဖော်လိုသူ ကားသမား တစ်ဦးက ပြောသည်။

"ကြံစိုက်တောင်သူတွေတော့ အခက်ခဲဖြစ်နေကြတယ်။ ဆက်ကြေးကောက်တာက ကားသမားတွေဆီက ကောက်တယ်။ ကားသမားတွေကလည်း ဆီဈေးတက်တော့ သူတို့မကိုက်ရင် ကြံစိုက်တောင်သူတွေဆီ ဈေးလာတက်တယ်" ဟု ကြံစိုက်တောင်သူ တစ်ဦးက ပြောသည်။

ယခုနှစ်တွင် တရုတ်ဘက်က ကြံများမဝယ်သဖြင့် ကြံစိုက်တောင်သူများသည် ကြံများကို မိုင်းရယ်မြို့နယ်သို့ တင်ပို့ရောင်းချနေရပြီး အမြတ်ငွေ မရရှိခြင်း၊ ယခင် တရုတ်ဘက်သို့ ကြံကားတစ်စီးလျှင် တရုတ်ယွမ်ငွေ ၂ သောင်း (မြန်မာငွေ သိန်း ၆၀ ခန့်) အမြတ်ငွေရရှိခဲ့ကြောင်း တောင်သူများက ပြောဆိုကြသည်။



"ဘယ်လိုမှ မတတ်နိုင်လို့ ကြံတွေ ခုတ်ပြီးတော့ တင်ပို့ရောင်းချနေရတာပဲ။ ဘာအမြတ်မှ မရှိဘူး။ ခုက ၃ သိန်း ၄ သိန်းလောက်ကျန်ရင်လည်း ခက်ခဲတယ်။ အဘက်ဘက်က ဈေးကြီးလာတယ်။ ကားခလဲ ဈေးကြီးတယ်။ ခါတိုင်းဆို သူတို့ ဆက်ကြေးကောက်တာ (၅)သောင်းလောက်ပဲကောက်တယ်။ ခုက အရမ်းများတယ်" ဟု ကြံစိုက်တောင်သူ တစ်ဦးက ပြောသည်။

မူဆယ်မြို့နယ်သည် စစ်ကောင်စီတပ်အပြင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၊ တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၊ ကိုးကန့်တပ်မတော် (MNDAA) ၊

သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA) နှင့် ဌာနေပြည်သူ့စစ်များ လှုပ်ရှားရာ နယ်မြေတစ်ခုဖြစ်သည်။

သျှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းပေါကျေးရွာအုပ်စုအတွင်း စစ်ကောင်စီ နှင့် KIA တို့ကြား ယနေ့ မတ် (၂၈)ရက်တွင် တိုက်ပွဲဖြစ်ပွားလျက်ရှိသည်။

https://burmese.shannews.org/archives/27542

----------------------------------------------------------------------------------------------------------------

## နမ္မတူမြို့နယ် ရှရှားတောင်အနီး ပစ်ခတ်မှုဖြစ်

By SHAN - March 28, 2022

သျှမ်းပြည်မြောက်ပိုင်း ရှရှားတောင် အနီးတစ်ဝိုက်တွင် လက်နက်ကြီး၊လက်နက်ငယ် ပစ်ခတ်သံများ ထွက်ပေါ်နေကြောင်း စုံစမ်းသိရသည်။



ယနေ့ မတ်လ ၂၈ ရက်နေ့ ည ၇ နာရီဝန်းကျင်အချိန်တွင် ဘော်တွင်း နှင့် ရှရှားတောင် အနီးတစ်ဝိုက် တွင် ပစ်ခတ်သံများ ထွက်ပေါ်လာပြီး လက်နက်ကြီးပစ်ခတ်သံများပါ ကြားရကြောင်း နမ္မတူမြို့ခံ တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

"မန်တုံသွားတဲ့ဘက်မှာ ရှိတဲ့ ရှရှားတောင်နဲ့ကပ်ရပ်နားက စစ်ကောင်စီစခန်းတစ်ခုရှိတယ်၊ အဲ့နားကနေ ပစ်ခတ်သံတွေ ထွက်လာတာ၊ ပြီးတော့ လက်နက်ကြီးအသံတွေ ကြားရတယ်၊ လက်နက်ကြီးအသံက ၃ လုံးလောက်ရှိမယ်၊ ကြည့်ရတာ မြို့ထဲက ၃၂၄ တပ်ကနေ လက်နက်ကြီးနဲ့ အဲ့နားက စခန်းကို ပစ်ကူ တာထင်တယ်၊ အခုတော့ အသံတွေ ငြိမ်သွားပြီ" ဟု နမ္မတူမြို့မှ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ယခု ညအချိန်တွင် ထွက်ပေါ်လာသည့် ပစ်ခတ်သံများကြောင့် အသံငြိမ်သွားသည့်တိုင်အောင်ဒေသခံ ပြည်သူများက ထိတ်လန့်ပြီး ယခုအချိန်ထိ မအိပ်ရဲကြသေးကြောင်း ၎င်းက ဆက်ပြောသည်။

"ပစ်ခတ်မှုတွေက နာရီဝက်လောက်တော့ကြာမယ်၊ လက်နက်ကြီးတွေကြောင့် အိမ်တောင်တုန်သွား တယ်၊ ဘယ်အဖွဲ့ကလာပစ်လဲတော့မသိရသေးဘူး" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

အဆိုပါ ပစ်ခတ်မှုသည် ရှရှားတောင်နားရှိ စစ်ကောင်စီတပ်စခန်းတစ်ခုကို လက်နက်ကိုင်တပ်ဖွဲ့တစ်ခုမှ လာရောက်ပစ်ခတ်ခြင်းဖြစ်သည်ဟုသာ သိရပြီး မည်သည့် အဖွဲ့အစည်း ဆိုတာတော့ အတည်ပြုချက် မရရှိသေးပါ။

နမ္မတူမြို့နယ်အတွင်းတွင် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ ဖြစ်သည့် TNLA တပ်ဖွဲ့၊ SSPP/SSA တပ်ဖွဲ့ နှင့် KIA တပ်ဖွဲ့တို့ သွားလာလှုပ်ရှားနေကြောင်း သိရသည်။

https://burmese.shannews.org/archives/27549

---------------------------------------------------------------------------------------------------------------

## မုံးကိုး စစ်ရှောင် ၈၀၀ ကျော် စားနပ်ရိက္ခာ အရေးပေါ်လိုအပ်နေ

By SHAN - March 28, 2022

သျှမ်းပြည်မြောက်ပိုင်း မုံးကိုးမြို့နယ်အတွင်း ရောက်ရှိနေသည့် စစ်ရှောင် ၈၀၀ ကျော်အတွက် စားနပ်ရိက္ခာများ အရေးပေါ်လိုအပ်နေကြောင်း သတင်းသိရသည်။



မုံးကိုးစစ်ရှောင်

မုံးကိုးမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်းများတွင် ရောက်ရှိလာသည့် ကျေးရွာ ၇ ရွာမှ ဒေသခံများအတွက် ဆန် နှင့် စားနပ်ရိက္ခာများပြတ်လပ်နေပြီး ကူညီထောက်ပံ့မှုအရေးပေါ်လိုအပ်နေကြောင်း စစ်ရှောင်များကို ကူညီပေးနေသည့် အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

“မုံးကိုးမြို့က ဘာသာရေးကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေမှာ ရှိနေတဲ့ စစ်ရှောင်တွေက စုစုပေါင်း ၈၀၀ ကျော်ရှိပါတယ်၊ အခု အဲ့နေရာက စစ်ရှောင်စခန်းတိုင်းလိုလို ရိက္ခာတွေက ပြတ်နေတယ်၊ တချို့ရက်တွေမှာဆို တစ်နေ့ကို ထမင်းနှစ်နပ်ပဲ စားနေကြရတယ်တဲ့” ဟု အထက်ပါ အမျိုးသားက သျှမ်းသံတော်ဆင့်ကို ပြောသည်။

မုံးကိုးမြို့ပေါ်ရှိ စစ်ဘေးရှောင်များအတွက် စားနပ်ရိက္ခာများ ပို့ဆောင်ပေးရန်အတွက် ကားလမ်းတစ်လျှောက်တွင် စစ်ကောင်စီစစ်ဆေးရေးဂိတ်များက တားမြစ်စစ်ဆေးမှုများ၊ ဆဲဆိုမှုများ ရှိနေသည့်အတွက်ကြောင့် တချို့ ပရဟိတသမားနှင့် အလှူရှင်များကလည်း သွားလာရန် ကြောက်လန့်နေကြောင်း သိရသည်။

“ပြီးခဲ့တဲ့ မတ်လ ၂၆ ရက်နေ့မှာ ကျနော်တို့ ပရဟိတသမားတွေနဲ့ အလှူရှင်တွေပေါင်းပြီး မုံးကိုးကစစ်ရှောင်တွေ အတွက် ရိက္ခာအနည်းငယ်သွားပို့ပေးခဲ့ပါတယ်၊ အဲ့ဒီမှာ လမ်းမှာရှိတဲ့ စစ်ကောင်စီစစ်ဆေးရေးဂိတ်က စစ်သားတွေက ကျနော်တို့ကို ဆဲတယ်ဗျ၊ ပြီးတော့ ကားတွေကို တစ်စီးပြီးတစ်စီးစစ်တယ်၊ ပစ္စည်းတွေ မိုးကာတွေဆိုလည်း သေချာပြန်မလုပ်ပေးဘူး” ဟု ကိုယ်တွေ့ကြုံရသည့် ပရဟိတသမားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

လက်ရှိ မုံးကိုးမြို့ပေါ်ရှိ စစ်ရှောင်စခန်းထဲသို့ ကြံစိုက်ခင်းလုပ်ကိုင်သည့် ဒေသခံများလည်း အလုပ်မဖြစ်သည့်အတွက် စားဝတ်နေရေးခက်ခဲကာ လာရောက်မှီခိုနေရသည်။

“ဒီဘက်က ဒေသခံအများစုက ကြံစိုက်ကြတာများပါတယ်၊ ဒါပေမဲ့ အခုက တရုတ်ဘက်ကလည်း ပိတ်ထားတယ်၊ ပြီးတော့ ဒေသတွင်း ရောင်းဝယ်မှုကလည်း အဲ့လောက်ထိမဟုတ်တော့ ဒီကြံတောင်သူတွေလည်း ခက်ခဲပြီး ဒီစစ်ရှောင်စခန်းမှာ လာမှီခိုတာ၊ အများစုတော့ ကချင်ရယ်၊ တအာန်း (ပလောင်) လူမျိုးဖြစ်တယ်” ဟု မုံးကိုးမြို့ပေါ်မှ ဒေသခံတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

မုံးကိုးမြို့ ဒေသအတွင်းတွင် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဩဂုတ် လကုန်ပိုင်းမှစတင်ပြီး ယနေ့ချိန်ထိ စစ်ကောင်စီ တပ်ဖွဲ့နှင့် ကိုးကန့် MNDAA တပ်ဖွဲ့တို့အကြား တိုက်ပွဲ ပြင်းထန်ခဲ့သောကြောင့် ဒေသခံ ကျေးရွာ ၇ ရွာမှ ပြည်သူ ၈၀၀ ခန့်က မုံးကိုးမြို့ပေါ်ရှိ ဘာသာရေး ဘုရားကျောင်းနှင့် ဘုန်းကြီးကျောင်းများတွင် ယနေ့အချိန်ထိ ထွက်ပြေး တိမ်းရှောင်နေရခြင်းဖြစ်သည်။

https://burmese.shannews.org/archives/27531

---------------------------------------------------------------------------------------------------------------

## ရှာင်မြို့နယ် လူမနေသည့်အိမ် စစ်ကောင်စီ ဖောက်ထွင်း ပစ္စည်းများ ယူဆောင်သွား

By SHAN - March 28, 2022

သျှမ်းပြည်တောင်ပိုင်း ရှာင်မြို့နယ် ပဲရင်းတောင်ကျေးရွာတွင် လူမနေထိုင်သည့် နေအိမ်များကို စစ်သားများက ဖောက်ထွင်းပြီး အိမ်တွင်းပစ္စည်းများကို ယူဆောင်သွားကြောင်း စုံစမ်းသိရသည်။



ပြီးခဲ့သည့် ရက်ပိုင်းအတွင်းတွင် ပဲရင်းတောင်ကျေးရွာမှ စစ်ဘေးတိမ်းရှောင်နေသည့် ပြည်သူ့နေအိမ်များနှင့် ကြောက်လန့်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ပြည်သူ့နေအိမ်များကို စစ်သားများက ဖောက်ထွင်းပြီး အိမ်တွင်းပစ္စည်းများကို ယူဆောင်သွားကြောင်း ဒေသခံများက သျှမ်းသံတော်ဆင့် ကို ပြောသည်။

"ပြီးခဲ့တဲ့ မတ် ၂၇ ရက်နေ့မှာ ပစ်ခတ်မှုဖြစ်သွားတယ်၊ အဲ့ကြောင့် တချို့ရွာသားတွေက တခြားရွာတွေဘက်ကို စစ်ရှောင်သွားနေတယ်၊ တချို့ကလည်း အဖမ်းခံရမှာ ကြောက်လို့ ထွက်ပြေးနေတာလည်းပါတာပေါ့၊ အဲ့ဒါ လူမရှိတဲ့ နေအိမ်တွေကို စစ်သားတွေက သော့ဖျက်ပြီး အိမ်တွင်းပစ္စည်းတွေ ဝင်ယူသွားတယ်" ဟု ပဲရင်းတောင်ကျေးရွာမှ ရွာသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ယခုရက်ပိုင်းအတွင်း ဖောက်ထွင်းခံရသည့် ပြည်သူ့နေအိမ် အနည်းဆုံး ၅ လုံးခန့် ရှိနေပြီး အများစုမှာ တိုက်အိမ်နှင့် စီးပွားရေးအသင့်အသင့်ရှိသည့် အိမ်များကို စစ်သားတို့က ဖောက်ထွင်းပြီး အိမ်တွင်းပစ္စည်းများကို ယူသွားကြောင်း သိရသည်။

"ဆန်တွေ၊ ဆီပုံးတွေ၊ ပျိုးစေ့အိတ်တွေကို သယ်ထုတ်တာ တွေ့ရတယ်၊ ပြီးတော့ သူများရဲ့ သေတ္တာကို ဖျက်ပြီး ရွှေတွေ ငွေတွေလည်း ယူသေးတယ်၊ တခြားတန်ဖိုးကြီးပစ္စည်းတွေကိုလည်း ယူသွားမယ်ထင်တာပဲ၊ အဲ့လို အဖောက်ခံရတဲ့ နေအိမ်က အနည်းဆုံး ၅ လုံးလောက်ရှိတယ်" ဟု ပဲရင်းတောင်မှ ဒေသခံ လူငယ်တစ်ဦးက ဆိုသည်။

ပဲရင်းတောင်ကျေးရွာအတွင်းတွင် ဒေသခံပြည်သူ့ကာကွယ်ရေးတပ် PDF နှင့် ဆက်စပ်သူတို့ ရှိနေသည့် သံသယဖြင့် ဒေသခံရွာသားများကို ဖမ်းဆီးရိုက်နှက်စစ်ဆေးခြင်းများ ပြုလုပ်နေကြောင်း ဒေသခံများက ပြောသည်။

ထို့အပြင် ယမန်နေ့ မတ်လ ၂၆ ရက်နေ့တွင်လည်း ရွာငံမြို့နယ်ရှိ နန်းခုန်ကျေးရွာအတွင်းသို့ စစ်ကောင်စီ တပ်သားတို့က တစ်အိမ်ချင်းလိုက်လံစစ်ဆေးခဲ့ကြောင်းလည်း သိရသည်။

https://burmese.shannews.org/archives/27529

------------------------------------------------------------------------------------------------------------------------

## သီပေါမြို့နယ် အမျိုးသားတစ်ဦး မိုင်းနင်းမိသေဆုံး

By SHAN - March 28, 2022



သျှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ် နမ့်ယန်းအုပ်စု ကောင်းဟုန်းကျေးရွာတွင်နေထိုင်သည့် အမျိုးသားတစ်ဦး မြေမြှုပ်မိုင်းနင်းမိ သေဆုံးခဲ့ပြီး ကျန်ရစ်သူ မိသားစုဝင်များ စားဝတ်နေရေးအတွက် များစွာ အခက်အခဲ ရှိနေကြောင်း သတင်းသိရသည်။

မတ်လ ၂၆ ရက် မနက် ၆ နာရီကျော်တွင် ကောင်းဟုန်းကျေးရွာမှ စိုင်းဘရွှေ နှင့် တခြားဒေသခံနှစ်ဦးတို့သည် ကောင်းဟုန်းကျေးရွာအပြင်ဘက်ရှိ တောင်ယာ သွားခုတ်ရှင်းလင်းစဉ် စိုင်းဘရွှေ က မိုင်းနင်းမိကာ သေဆုံးသွားကြောင်း သိရသည်။

"သူတို့က တောင်ယာသွားခုတ်တာပေါ့၊ တခြားရွာသားနှစ်ဦးက

ယာခင်းတဲနားရှိနေချိန်မှာ စိုင်းဘရွှေက အပေါ့် သွားချင်လို့ ဆိုပြီး ယာခင်းရဲ့ ခြံစည်းရိုးနား ရောက်နေချိန် ပေါက်ကွဲသံကြားရတယ်လို့ပြောတယ်၊ အဲ့နှစ်ယောက်က သွားကြည့်တော့ စိုင်းဘရွှေက အသက်မရှိတော့ဘူး” ဟု ဖြစ်စဉ်များကို သိရသည့် ကောင်းဟုန်းကျေးရွာ သူကြီး က သျှမ်းသံတော်ဆင့်ကို ပြောသည်။

သေဆုံးသူ စိုင်းဘရွှေသည် အသက် ၄၀ နှစ်ရှိ အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်ပြီး လက်ရှိတွင် သူ၏ အမျိုးသမီးနှင့် သားတစ်ယောက်၊ သမီးတစ်ယောက်ကျန်ရှိနေပြီး ရှေ့ဆက် စားဝတ်နေရေးအတွက် များစွာ အခက်အခဲရှိနေကြောင်း သတင်းသိရသည်။

“သူ့မိသားစုက သူ့ကို မှီခိုနေရတာပါ၊ တစ်နေ့လုပ်မှ တစ်နေ့စားရမဲ့ မိသားစုဆိုတော့လည်း အခု သူမရှိတော့ ကျန်ရစ်သူမိသားစုတွေက တော်တော်ကိုခက်ခဲနေတယ်၊ အလှူရှင်တွေရှိလာမယ်ဆိုရင်တော့ သူတို့အတွက် အဆင်ပြေပါလိမ့်မယ်” ဟုလည်း ကောင်းဟုန်းကျေးရွာ သူကြီးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

စိုင်းဘရွှေ၏ ရုပ်အလောင်းကို ရွာသူကြီးဦးဆောင်မှုဖြင့် ကျန်ရစ်သူမိသားစုဝင်များနှင့် ရွာသားများ စုပေါင်းပြီး မတ်လ ၂၆ ရက်နေ့ မွန်းလွဲပိုင်းမှာပင် သင်္ဂြိုလ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

သီပေါမြို့နယ်အပါအဝင် RCSS/SSA နှင့် မြောက်ပိုင်းမဟာမိတ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည့် နေရာတော်တော် များများတွင် မြေမြှုပ်မိုင်းများကို အသုံးပြုမှုရှိခဲ့ကြပြီး ပြန်ထွက်ခွာချိန်တွင် မိုင်းများကို ပြန်လည် ရှင်းသိမ်းပေးမှု မရှိသောကြောင့် ပြည်သူများက မြေစာပင်အဖြစ် မိုင်းနင်းမိ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ ရှိနေကြသည်။

ထိုသို့ သေဆုံးမှုများရှိနေသော်လည်း လက်နက်ကိုင်အဖွဲ့အစည်းမှ တာဝန်ယူဖြေရှင်းပေးခြင်းလည်း မရှိကြောင်း သိရသည်။

https://burmese.shannews.org/archives/27526

--------------------------------------------------------------------------------------------------------------

## သျှမ်းပြည်အတွင်း ရွေးကောက်ပွဲ အကြောင်းပြ အိမ်ထောင်စုစာရင်း လိုက်လံကောက်နေ

By SHAN - March 28, 2022

သျှမ်းပြည်အတွင်း စစ်ကောင်စီ လက်အောက်ခံ အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက် အုပ်ချုပ်ရေးတို့ ပူးပေါင်းပြီး အိမ်ထောင်စု စာရင်းများကို လိုက်လံကောက် စစ်ဆေးနေလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။



စစ်ကောင်စီက ပြုလုပ်မည့် ရွေးကောက်ပွဲအတွက် အကြောင်းပြပြီး စစ်ကောင်စီလက်အောက်ခံ အုပ်ချုပ်ရေးမှူးတို့က ယခု မတ်လအတွင်း အိမ်ထောင်စုတွင်းရှိ လူစာရင်းများကို လိုက်လံကောက်ယူနေကြောင်း နမ့်လန်မြို့ ဒေသခံ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့် ကို ပြောသည်။

“ရွေးကောက်ပွဲအတွက်လို့ပြောပြီးတော့ အိမ်ထောင်စုကို လိုက်ကောက်နေတာ။ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှာ စာရင်းသွားပေးရတာ။ ဒီလ စ လိုက်ကောက်စစ်ဆေးနေတာ။ နေအိမ်မှာ ဘယ်သူရှိလဲ။ အိမ်ထောင်စုစာရင်းထဲရှိတဲ့သူတွေ အကုန်လုံး ဒီအိမ်မှာရှိနေလားလို့ မေးပြီးလာကောက်သွားတာ” ဟု ၎င်းက ဆိုသည်။

အိမ်ထောင်စုစာရင်းများကို လိုက်လံကောက်ယူနေသော်လည်း ပြည်သူတစ်ချို့က စစ်ကောင်စီက ပြုလုပ်မည့် ရွေးကောက်ပွဲကြောင့် နာမည်စာရင်းသွားရောက်ပေးသွင်းခြင်းမရှိကြောင်း သိရသည်။

“ကျနော်တို့တော့ သွားမပေးဘူး။ မိတ္တူကူးဖို့ စာရွက်ဖိုးဈေးကြီးတယ်။ ဒီတိုင်းပဲ ထားလိုက်တယ်။ မပေးရင် ဘာလုပ်မယ် ညာလုပ်မယ်ပြောတာတော့ မကြားဘူး” ဟု အထက်ပါ နမ့်လန်ဒေသခံ အမျိုးသားက ပြောသည်။

ထိုနည်းတူ သျှမ်းပြည်အရှေ့ပိုင်း မိုင်းဆတ်၊ ကျိုင်းတုံဘက်တွင်လည်း စစ်ကောင်စီလက်အောက်ခံ ထွေအုပ်တို့က ယူနီဖောင်းမပါဘဲ တစ်အိမ်တက် တစ်အိမ်ဆင်း အိမ်ထောင်စုစာရင်း လိုက်လံစစ်ဆေးနေကြောင်း သိရသည်။

“သူတို့က တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်စစ်ဆေး မေးတာ။ လာစစ်တဲ့သူတွေက ထွေအုပ်လို့ပြောတာပဲ။ ဒါပေမဲ့ ယူနီဖောင်းတွေဝတ်ပြီး လာစစ်ဆေးတာမျိုးတော့မရှိဘူး။ အိမ်မှာ ဘယ်သူတွေရှိလဲ ၊ လူဦးရေဘယ်လောက်ရှိလဲ လာစစ်ဆေးသွားတာ” ဟု သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့ ဒေသခံ အသက် ၃၅ နှစ် အရွယ်ရှိ အမျိုးသားတစ်ဦးက ပြောသည်။

ထို့အပြင် သျှမ်းပြည်အရှေ့ပိုင်းက လာရောက်စစ်ဆေးသည့် ထွေအုပ်များသည် အထက်က အမိန့်အတိုင်း လာရောက်စစ်ဆေးကောက်ယူသွားပြီး မည်သည့် ကိစ္စကြောင့်လာရောက်စစ်ဆေးသည်ကို မသိရှိကြောင်း ဒေသခံများပြောပြချက်အရ သိရသည်။

“သူတို့ကို မေးတာ၊ ဘာကြောင့် လာစစ်ဆေးတာလည်း မေးတော့ သူတို့ မသိဘူး။ မဖြေနိုင်ကြဘူး။ ဒီတိုင်းဘဲ အထက်က အမိန့်အရ လာစစ်ကြတာထင်တယ်။ ဘာကြောင့် ဘာလုပ်ဖို့ လာစစ်ဆေးတယ်ဆိုတာ သူတို့ မသိဘူး” ဟု မိုင်းဆတ်မြို့ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

စစ်ကောင်စီပြုလုပ်မည့် ရွေးကောက်ပွဲအတွက် လွန်ခဲ့သည့် ၂၀၂၀ ခုနှစ်ကတည်းက ပန်းခင်း စီမံချက်ဖြင့် ကွင်းဆင်းပြီး ပြည်သူများကို မှတ်ပုံတင်လိုက်လံလုပ်ပေးခဲ့ကြောင်း သိရသည်။

ထိုစီမံချက်ထဲတွင် အသက် (၁၆)နှစ်ပြည့်သူတိုင်း တရားဝင်မှတ်ပုံတင်ဖြင့် ခရီးသွားလာရန်အတွက် အကြောင်းပြပြီး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။2:26 PM

https://burmese.shannews.org/archives/27540

------------------------------------------------------------------------------------------------------------